မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၁ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၆၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရေဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်ရွက်ရပ်မှ တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး လမ်းပန်းဆက်သွယ်မှုအပါအဝင် လိုအပ်သော အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခဲ့

စီးပွားရေး၊ လူမှုရေးကဏ္ဍများပါ တစ်ပြိုင်တည်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာ အခြေခံအဆောက်အအုံကောင်းများကို ရေမြေသဘာဝများနှင့် ထိထိရောက်ရောက် ဆက်စပ်အသုံးချ

နေပြည်တော် ဇွန် ၃၀

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးထွေးဦး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇွန် ၂၉ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်မှ ထွက်ခွာခဲ့ရာ နံနက် ၁၁နာရီ မိနစ် ၅၀တွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

နိုင်ငံတော်ဝန်ကြီးချုပ်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဧရာဝတီတံတား (ညောင်တုန်း)ကို တည်ဆောက်ရာတွင် ပိုင်ရိုက်စက် ခြောက်ခုဖြင့် ဘိုးပိုင်လုပ်ငန်းများဆောင်ရွက်မှု အခြေအနေ၊ မြစ်ရေတက်လာပါက တည်ဆောက်ရန် ခက်ခဲမည့်နေရာများကို ဦးစားပေး၍ ပိုင်ရိုက်နေသည့် အခြေအနေ၊ မိုးရာသီကာလအတွင်း တံတားသံပေါင်များတပ်ဆင်မည့် အခြေအနေ၊ ကမ်းနှစ်ဖက်တွင် ပိုင်ရိုက်ခြင်းလုပ်ငန်းကို တစ်ပြိုင်တည်းဆောင်ရွက်နေမှု အခြေအနေ၊ မြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် တည်ဆောက်ရေးပစ္စည်းများ ရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ဟသ်ာတ-ဓနုဖြူ-စကြေ့(ညောင်တုန်း) ရထားလမ်း

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ဇလွန်မီးရထားဘူတာ တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်မှ ဟသ်ာတ - ဓနုဖြူ - စကြေ့(ညောင်တုန်း) ရထားလမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇူလိုင် ၁ရက်)

အာဆီယံဒေသတွင်း စိုက်ပျိုးရေး သမဝါယမများ ခိုင်မာတောင့်တင်းရေး အဖွဲ့ဝင်နိုင်ငံများ လက်တွဲပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၇)ကြိမ်မြောက် ACEDAC အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ဇမ္ဗူသီရိ အမရဟိုတယ်၌ ဇွန်လ ၂၈ရက်နေ့က ကျင်းပခဲ့သည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အာဆီယံနိုင်ငံများတွင် အဓိကကျပြီး လွန်ခဲ့သည့် နှစ်အနည်းငယ်မှစ၍ အာဆီယံ နိုင်ငံများ၏ စိုက်ပျိုးရေးကဏ္ဍ၌ ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင်ရှိသည့် စိုက်ပျိုးရေးသမဝါယမအသင်းများ ဝိုင်းဝန်းပူးပေါင်း ဖြေရှင်းဆောင်ရွက်မှုတို့ကြောင့် အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့သည်။ အာဆီယံနိုင်ငံအစိုးရများ၏ အားပေးမှုဖြင့် စိုက်ပျိုးရေးသမဝါယမများ အစီအစဉ်တကျ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

စိုက်ပျိုးရေး သမဝါယမအသင်းများသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ လူနေမှုဘဝမြင့်မားရေး၊ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေးတို့တွင် အရေးပါသော အဖွဲ့အစည်းဖြစ်သည်။

မြန်မာ့သမဝါယမလှုပ်ရှားမှုသမိုင်းကိုကြည့်လျှင် စိုက်ပျိုးရေးသမဝါယမများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်၍ အောင်မြင်မှုရရှိရန် အားသွန်ခွန်စိုက် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ ထိုနည်းတူ အာဆီယံဒေသတွင်း စိုက်ပျိုးရေးသမဝါယမများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌လည်း ACEDAC ဘုတ်အဖွဲ့အနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ စိုက်ပျိုးရေးသမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးလိုအပ်ချက်သည် အရေးကြီးပြီး တောင်သူလယ်သမားအသင်းသားများ၏ စိုက်ပျိုးရေးတွင် လိုအပ်သော ငွေကြေးများကို သမဝါယမဝန်ကြီးဌာန၏ စီမံမှုဖြင့် ငွေစုငွေချေးလုပ်ငန်းများ ထူထောင်လျက်ရှိသည်။ ဗဟိုသမဝါယမအသင်းအနေဖြင့်လည်း ဆင်းရဲနွမ်းပါးမှု ပပျောက်စေရန် အသေးစားငွေချေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

ကျင်းပပြီးစီးခဲ့သော (၁၇)ကြိမ်မြောက် ACEDAC အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် ASWGAC အစည်းအဝေးသည် အာဆီယံဒေသတွင်း စိုက်ပျိုးရေးသမဝါယမများ ခိုင်မာတောင့်တင်းရေးအတွက် အင်အားတစ်ရပ်ဖြစ်ရာ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် စိုက်ပျိုးရေးကဏ္ဍ အခက်အခဲများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက ဝိုင်းဝန်းလက်တွဲ ကျော်လွှားသွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

နေပြည်တော်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ သစ်တောရေးရာဝန်ကြီး ဦးသိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၃၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် **(အပေါ်ပုံ)** သည် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော် အမြဲတမ်းစိမ်းလန်းစိုပြည်ရေးစိုက်ခင်းများ စိုက်ပျိုးထားရှိမှုနှင့် လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လမ်းဘေးဝဲယာ၌ ရတနာတန်းဝင် အမြဲစိမ်းသစ်ပင်ကြီးများ စိုက်ပျိုးရေးနှင့် ကွက်လပ်ဖြည့် တစ်အုပ်တစ်မစိုက်ခင်းများ စိုက်ပျိုးရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် နေပြည်တော်တပ်ကုန်းမြို့နယ် အောက်ဆင်သေကြိုးဝိုင်းအတွင်းရှိ ၂၀၁၀ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၀၀ သို့ ရောက်ရှိလာရာ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားကာ စိုက်ခင်းစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ဆေးဝါးနှင့်ဆေးပဒေသာပင်စိုက်ထူလှူဒါန်း

ရန်ကုန် ဇွန် ၃၀

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ဆေးဝါးနှင့် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၄ရက် နံနက် ၉နာရီက အင်းစိန်မြို့နယ် အထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်ဆေးရုံကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ အထွေထွေရောဂါကုဆေးရုံအုပ်ကြီးနှင့် ဆရာဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးနေလင်းက အမှာစကားပြောကြားပြီးနောက် လှူဒါန်းပွဲတွင် ဌာနဆိုင်ရာများ၊ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံကြသည်။ **(ဝဲပုံ)**

(ခရိုင် ပြန်/ဆက်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကုန်သည်/စက်မှုအသင်းချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို ဇူလိုင် ၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ UMFCCI Office Tower (ပထမထပ်) ခန်းမကြီး၌ မိတ္ထီလာစီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်မိုးမိုးခိုင်က "အဖွဲ့အစည်းများတွင် ကိုယ်ကျင့်တရားဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁-၇-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၃၀ ၃။ ဓမ္မပူဇာတေး
၇:၃၅ ၄။ မျိုးချစ်တပ်မတော်
၇:၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၅ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၃၀ ၃။ မျိုးချစ်တပ်မတော်
၄:၄၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၄၅ ၅။ မွေးမြူသုတ
၄:၅၅ ၆။ မြန်မာသံစဉ် ချိုနားဝင်
၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၁။ လျှပ်တစ်ပြက်
၆:၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅ ၁၃။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ ပျော်စံရာ** (အပိုင်း-၂၆)
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့ သူ့ရဲကောင်း** (အပိုင်း-၂၆)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ အနုပညာရှင်၏ တစ်နေ့တာ
၂၀။ ကုန်သွယ်သုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘာ့ညီးတွင်မည့် ချင်သူ့ရဲကောင်း** (အပိုင်း-၃၂)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဟိုပန်မြို့နယ်၌ ခြင်ဆေးဖျန်း

ဟိုပန် ဇွန် ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် ဟိုပန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်တင့်ကြီးကြပ်၍ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရန် မြို့တွင်းရှိ ရေနုတ်မြောင်း၊ ကျောင်းနှင့် စည်ပင်သာယာဈေး၊ လူနေအိမ်တို့၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇွန် ၃ရက်က ဆောင်ရွက်ကြသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တောင်ငူမြို့ရှိ ပဲခူးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် တိုင်း၊ ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

စာကြည့်တိုက်များသို့ ပြည်သူများ ပိုမိုစာပေဖတ်ရှုလေ့လာအောင် ဆွဲဆောင်စည်းရုံး စာအုပ်စာစောင်များ ပျောက်ပျက်လျော့နည်းမှုမရှိအောင် စနစ်တကျထိန်းသိမ်း

နယ်လှည့်စာကြည့်တိုက်၊ စာဖတ်ဝိုင်းနှင့်ဆွေးနွေးပွဲများ ပိုမိုကျယ်ပြန့်စွာဆောင်ရွက်

နေပြည်တော် ဇွန် ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ဇွန် ၂၉ရက်တွင် ပဲခူးမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၊ ညောင်လေးပင်မြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် တောင်ငူမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများသို့ ရောက်ရှိပြီး ရုပ် / သံထုတ်လွှင့်နေမှုနှင့် ပတ်ဝန်းကျင်ဒေသများသို့ ပျံ့နှံ့ရောက်ရှိမှု အခြေအနေ၊ FM ရေဒီယိုများ ထုတ်လွှင့်နေမှုအခြေအနေ၊ ရုပ်/သံ တာဝါတိုင်များနှင့် ဂြိုဟ်တုဆက်သွယ်ရေး စလောင်းများ ကြံ့ခိုင်ထိန်းသိမ်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ရုပ်/သံ ထုတ်လွှင့်မှုကို စက်စွမ်းအားအလျောက် ပတ်ဝန်းကျင်ဒေသများသို့ ထိထိရောက်ရောက် ပျံ့နှံ့ရောက်ရှိအောင်ဆောင်ရွက်ရန်၊ ထပ်မံတိုးချဲ့တပ်ဆင်ဆောင်ရွက်မည့် ရုပ် /သံ အစီအစဉ်သစ်များ၊ FM ရေဒီယိုအစီအစဉ်သစ်များအတွက် ထပ်ဆင့်လွှင့် စက်ရုံများအလိုက် လိုအပ်မည့် ဆက်စပ်လုပ်ငန်းစဉ်များအားလုံးကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်၊ ရုပ်/သံလွှင့် တာဝါတိုင်နှင့် ဂြိုဟ်တုဆက်သွယ်ရေး စလောင်းများတွင် တွေ့ရှိရသည့် ကြံ့ခိုင်ရေးအားနည်းချက်များကို ချက်ချင်းပြုပြင်ဆောင်ရွက်ရန်၊ လျှပ်စစ်မီးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်နှင့် မီးသတ်ဆေးဘူးများ လုံလောက်သည့် အရေအတွက် ပြည့်အောင် ဖြည့်ဆည်းဆောင်ရွက်ရန်၊ စက်ရုံများ၏ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန် ဆွေးနွေးညှိနှိုင်း မှာကြားခဲ့သည်။

ကြိုးပမ်းဆောင်ရွက်

အလားတူ ဝန်ကြီး ဦးကျော်ဆန်းသည် ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသို့လည်းကောင်း၊ တောင်ငူမြို့ရှိ ပဲခူးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသို့ လည်းကောင်း ရောက်ရှိစစ်ဆေးပြီး တိုင်း၊ ခရိုင် ဦးစီးမှူးများ၊ ကဝ၊ သနပ်ပင်၊ ဝေါ၊ တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ကျောက်ကြီး၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ရွှေကျင်၊ ဖြူးနှင့် ထန်းတပင်မြို့နယ်များမှ မြို့နယ် ဦးစီးမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများရှိ စာကြည့်တိုက်များမှ စာအုပ်၊ စာစောင်များ ပျောက်ပျက်လျော့နည်းမှု မရှိအောင် စနစ်တကျထိန်းသိမ်းထားရှိရန်၊ မိမိတို့ ရုံးစာကြည့်တိုက်များသို့ ပြည်သူများ ပိုမိုလာရောက်စာပေဖတ်ရှုလေ့လာအောင် ဆွဲဆောင်စည်းရုံးဆောင်ရွက်ရန်၊ နယ်လှည့် စာကြည့်တိုက် လုပ်ငန်းများ၊ နယ်လှည့် စာဖတ်ဝိုင်းနှင့် ဆွေးနွေးပွဲများ၊ ဟောပြောပွဲများကို ယခုထက်ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများရှိ စာကြည့်တိုက်များအပါအဝင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို သတ်မှတ်စံများနှင့် ကိုက်ညီသည့် စာကြည့်တိုက်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ မိမိတို့ ဒေသအတွင်း ကျေးရွာတိုင်း သတင်းစာတစ်စောင် ရောက်ရှိ ဖတ်ရှုနိုင်ရေး၊ ဒို့ကျေးရွာ ဂျာနယ် တစ်စောင် ကျေးရွာတိုင်း ရောက်ရှိ ဖတ်ရှုနိုင်ရေးတို့အတွက် ကိုယ့်အားကိုယ်ကိုး သည့်စနစ်၊ ဒေသအာဏာပိုင်များနှင့် ပူးပေါင်း ဆောင်ရွက်သည့်စနစ်၊ စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ဆောင်ရွက်သည့်စနစ်စသည့် နည်း (၃)နည်းဖြင့် ဆောင်ရွက်ကြရန်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများ အားလုံးသည် အမျိုးသားအကျိုးစီးပွား ဘက်တော်သား အရည်အသွေး မြင့်မားသည့် မီဒီယာသမားကောင်းများအဖြစ် ခံယူရပ်တည် တာဝန်ထမ်းဆောင်လျက်ရှိသည့် အားလျော်စွာ မိမိတို့ဒေသနှင့် ဒေသနေ ပြည်သူတို့၏ အခြေအနေများကို ကျွမ်းဝင်သိရှိပြီး မှန်ကန်တိကျသည့် သတင်းပြန်ကြားရေးနှင့် ပညာပေး လုပ်ငန်းများကို ပြည်သူများထံ အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ဆွေးနွေး ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက် သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တောင်ငူမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် တာဝါတိုင်နှင့် ဂြိုဟ်တုဆက်သွယ်ရေးစလောင်းများ၏ ကြံ့ခိုင်ထိန်းသိမ်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃၀-၆-၂၀၁၀

ခန္တီးမြို့	၄ ဒသမ ၁၃ လက်မ
သံတောင်ကြီးမြို့	၃ ဒသမ ၆၃ လက်မ
ပြည်မြို့	၃ ဒသမ ၁၉ လက်မ
သိမ်ဇရပ်မြို့	၃ ဒသမ ၀၃ လက်မ
ပေါင်မြို့	၂ ဒသမ ၃၆ လက်မ
ချောင်းဆုံမြို့	၂ ဒသမ ၀၁ လက်မ

* ကျော်ဖုံးမှ

အလွန်ရှားပါးသောငါးမျိုး ဖြစ်သည်။ ခန္ဓာကိုယ်၏ အရောင်မှာ အဖြူရောင်လွှမ်းလျက်ရှိသည်။

၄င်းငါးကို စင်ကာပူနိုင်ငံတကာ ငါးပြပွဲ၌ပြသခဲ့ရာ အမေရိကန် ဒေါ်လာ ၈၀၀၀၀ ဈေးပေးခဲ့ကြောင်း၊ သို့သော် ရောင်းချခြင်း မပြုခဲ့ကြောင်း၊ ဈေးအကြီးဆုံး ငါးတစ်ကောင်ဖြစ်ကြောင်း ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြခံရသည်။ အင်တာနက်

မီးဘေးကာကွယ်ရေး စစ်ဆေး

ပွင့်ဖြူ ဇွန် ၃၀

မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးဆန်းမော်ခင်နှင့်အဖွဲ့သည် ဇွန်၁၈ရက်က ပွင့်ဖြူမြို့နယ် စည်ပင်ရုံးသို့ရောက်ရှိလာပြီး အဖွဲ့ပိုင်ရုံးများ မီးလောင်ဆုံးရှုံးခြင်းမှ ကာကွယ်ရေးအတွက် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများ၊ မြို့သာယာလှပရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသေးစိတ်မှာကြားပြီး မြို့မဈေး မီးဘေးကာကွယ်ရေးထားရှိမှု အခြေအနေများ၊ ထပ်မံဆောင်ရွက်ရမည့်လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်က ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

စီအီးအိုမဂ္ဂဇင်း ကြီးမှူး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၃၀

တူဒေးစာအုပ်တိုက်မှ ထုတ်ဝေသော စီအီးအိုမဂ္ဂဇင်းက ကြီးမှူးကျင်းပသည့် The World is Flat, But ဟောပြောပွဲကို ဇွန် ၂၆ရက်(စနေနေ့)တွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Parkroyal Hotel ၌ကျင်းပသည်။

ပံ့ပိုးကူညီ

ဟောပြောပွဲတွင် ဆရာကျော်ဝင်း (စာရေးဆရာ)က ဟောပြောခဲ့ပြီး စီအီးအိုမဂ္ဂဇင်း၏ စာဖတ်ပရိသတ်နှင့် ကုမ္ပဏီအသီးသီးမှ မန်နေဂျာအဆင့်ဝန်ထမ်းများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။ ဤပွဲအတွက် Citymart (Popular) က ပံ့ပိုးကူညီပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်

နေပြည်တော်၌ မြေစိုက်ပိုစတာ စိုက်ထူ၊ သစ်ပင်စိုက်ပျိုး

နေပြည်တော် ဇွန် ၃၀

၂၀၁၀ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူပွဲ အခမ်းအနားများနှင့် အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတို့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတို့၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားများသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်နီနီဝင်း၊ ဒေါ်မြသီဂီနှင့် ဒေါ်ခင်မိမိ၊ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် အဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ နေပြည်တော်ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူပွဲကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအဝိုင်းအနီး၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်နီနီဝင်းနှင့် ဒေါ်မြသီဂီ၊ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်တို့က မြေစိုက်ပိုစတာစိုက်ထူပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်က မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြေစိုက်ပိုစတာစိုက်ထူပွဲကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ပန်းအဝိုင်းအနီး၌ ကျင်းပရာ နာယကများနှင့် ဥက္ကဋ္ဌတို့က မြေစိုက်ပိုစတာစိုက်ထူပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဥက္ကဋ္ဌက မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။(ဝဲပုံ)

ကြည့်ရှုအားပေး

ယင်းနောက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ရုံးဝင်းအတွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနကြီးမှူးများက သတ်မှတ်နေရာများ၌ သရက်ပင်များနှင့် စိန်ပန်းပင်များကို စိုက်ပျိုးပေးကြပြီး အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၏ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှု အားပေးကြသည်။ (သတင်းစဉ်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇွန် ၃၀

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၃၀ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၂၀၄၉ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၉၂၉၅ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၂၀၄၉ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၉၂၉၅ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇွန် ၃၀

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၃၀ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၉၄၉ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၄၉၆ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၉၄၉ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၄၉၆ ဦး

(အင်တာနက်)

အာဖဂန်နစ္စတန်မှ ပိုလန်တပ်ဖွဲ့ဝင်များ ၂၀၁၂ ခုနှစ်ကုန်တွင် ရုပ်သိမ်းဖွယ်ရှိ

ဝါဆော ဇွန် ၃၀

ပိုလန်တပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်နိုင်ငံမှ ရုပ်သိမ်းရေးကိစ္စသည် ၂၀၁၂ ခုနှစ်ကုန်တွင် ဖြစ်နိုင်ဖွယ်ရှိကြောင်း ပိုလန်ကာကွယ်ရေးဝန်ကြီး ဘက်ဒန်ကလစ်က ဇွန်၂၈ ရက်တွင် ပြောကြားသည်။

အပြီးသတ်

အာဖဂန်ရှိ မစ်ရှင်အဖွဲ့၏ လုပ်ငန်းသင့်တင့်လျောက်ပတ်သည့်အချိန်တွင် အပြီးသတ်မည့်ကိစ္စအား ပိုလန်နိုင်ငံသားများက ကန့်ကွက်မည်မဟုတ်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဖြန့်ကြက်ထား

မိမိတို့တာဝန်ယူထားသည့် ဂန်ဇီပြည်နယ်သည် ၂၀၁၃ ခုနှစ်တွင် အစ္စလာမ္မစ်ယဉ်ကျေးမှုဌာနဖြစ်လာမည်ဖြစ်ကြောင်း၊ အာဖဂန်တပ်ဖွဲ့ဝင်များကိုယ်တိုင် ၂၀၁၃ခုနှစ်တွင် ယင်းပြည်နယ်ကို ထိန်းချုပ်တာဝန်ယူရတော့မည်ဖြစ်ကြောင်း ယင်းလုပ်ငန်းစဉ် မြန်ဆန်ရေးအတွက် အတတ်ပညာပိုင်းဆိုင်ရာ အကူအညီများ တစ်နှစ်အတွင်းပေးနိုင်ရန် မိမိတို့စဉ်းစားရကြောင်း၊ ယင်းသို့ဖြင့် ပိုလန်တပ်ဖွဲ့ဝင်များ၏ မစ်ရှင်လုပ်ငန်းသည် ၂၀၁၂ခုနှစ်ကုန်တွင် ပြီးစီးဖွယ်ရှိသည်ဟု ကလစ်က ပြောကြားသည်။ အာဖဂန်တွင် ယခုအခါ ဖြန့်ကြက်ထားသည့် ပိုလန်တပ်ဖွဲ့ဝင်များသည် တာလီဘန်ကျူးကျော်မှုကို တိုက်ခိုက်နိုင်စွမ်းရှိသည့်တပ်ဖွဲ့ဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

(အင်တာနက်)

သေနတ်သမားများ လက်ချက်ဖြင့် အီရတ်ကျေးရွာသား လေးဦးသေဆုံး

ဘာကူဘာ ဇွန် ၃၀

အီရတ်နိုင်ငံ ဒီရာလာပြည်နယ်အတွင်းရှိ ကျေးရွာတစ်ရွာမှ ပြန်ပေးဆွဲခံခဲ့ရသူလေးဦး၏ အလောင်းများကို ဇွန် ၂၄ရက် နံနက်ပိုင်းက တွေ့ရှိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဖွဲ့ဝင်များဖြစ်

၎င်းတို့အား သေနတ်သမားများက စစ်ယူနီဖောင်းများဝတ်ဆင်ကာ ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် ယင်းကဲ့သို့ သတ်ဖြတ်ခံခဲ့ကြရခြင်းဖြစ်သည်။ သေဆုံးသူများအနက်မှ နှစ်ဦးသည် ဒေသဆိုင်ရာနိုးကြားရေးကောင်စီမှ အဖွဲ့ဝင်များဖြစ်ကြသည်ဟုဆိုသည်။

တန်ပြန်

တစ်ချိန်က အမေရိကန်ဆန့်ကျင်သည့် ဆွန်နီစစ်သွေးကြွများပါဝင်သော အဆိုပါ နိုးကြားရေးကောင်စီသည် ရီးယိုက်နှင့် ဆွန်နီလူမျိုးစုများအပေါ် မဆင်မခြင် သတ်ဖြတ်မှုများ ဖြစ်ပွားခဲ့ပြီးသည့်နောက်ပိုင်းတွင် အယ်လ်ခိုင်ဒါကွန်ရက်များကို တန်ပြန်တိုက်ခိုက်ချေမှုန်းလာခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်တောင်ပိုင်း လမ်းဘေးဗုံးပေါက် နှစ်ဦးသေဆုံး နှစ်ဦးဒဏ်ရာရ

ကန်ဒါဟာ ဇွန် ၃၀

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ ကားတစ်စီးထိမှန်ခဲ့သဖြင့် အရပ်သားနှစ်ဦးသေဆုံးပြီး နှစ်ဦးပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။

ပြောကြား

အဆိုပါပေါက်ကွဲမှုမှာ ဇွန် ၂၉ရက် နံနက် ဖနာရီက ကရာဇာခရိုင်တွင် ဖြစ်ပွားခဲ့သည်။ အရပ်သားတစ်ဦး မောင်းနှင်လာသော ကားတစ်စီးမှာ လမ်းဘေးဗုံးထိမှန်ခဲ့ခြင်းဖြစ်ပြီး အရပ်သားနှစ်ဦးသေဆုံး၍ ယာဉ်မောင်းအပါအဝင် နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဇာမစ်ဟူဘစ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဆိုးရွား

ကန်ဒါဟာပြည်နယ်သည် တာလီဘန်များအခြေချရာ နေရာဖြစ်ပြီး ၎င်းပြည်နယ်တွင် တာလီဘန်နှင့် စစ်သွေးကြွများ တိုက်ပွဲဖြစ်ပွားမှုသည် ပြီးခဲ့သည့်နှစ်ကထက် ပို၍ဆိုးရွားလာခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ် - အာဖဂန် သတင်းများ

အီရတ်နိုင်ငံ ဘာဂျီမြို့၌ ကားဗုံး ပေါက်ကွဲပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဇွန် ၃၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်၌ အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွား အရပ်သားသုံးဦးသေဆုံး၊ ၂၆ ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇွန် ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့နှင့် ဒီရာလာပြည်နယ်များ၌ ဇွန် ၂၂ရက်က ဗုံးပေါက်ကွဲမှုနှင့် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုတို့ကြောင့် အရပ်သားသုံးဦးသေဆုံးပြီး ၂၆ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ဇွန် ၂၉ရက်၌ ပြောကြားသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနမှ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးသည် ဘဂ္ဂဒက်မြို့တောင်ဘက် ဒိုရာခရိုင်အတွင်း၌ လမ်းဘေးဗုံးပေါက်ကွဲမှုအတွင်း ကံကောင်းထောက်မစွာလွတ်မြောက်လာခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ထိမှန်

အဆိုပါလမ်းဘေးဗုံးသည် ၎င်းအားပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်သော်လည်း အနီးအနားရှိသူများအား ထိမှန်ခဲ့သည်ဟုဆိုသည်။

အခြေစိုက်

ဒီရာလာပြည်နယ်သည် အမေရိကန်ဦးဆောင်သောတပ်များ အီရတ်နိုင်ငံသို့ ကျူးကျော်ခဲ့ပြီးနောက် စစ်ဆင်ရေးများ ပြုလုပ်နှိမ်နင်းလျက်ရှိသော်လည်း အယ်လ်ခိုင်ဒါနှင့် အခြားစစ်သွေးကြွများ၏ အဓိကအခြေစိုက်ရာနေရာဖြစ်သည်ဟုဆိုသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

နေတိုးတပ်ဖွဲ့ဝင် သေဆုံးသူဦးရေ အာဖဂန်နစ္စတန်၌ နှစ်ဆတိုးလာ

ကဘူးလ် ဇွန် ၃၀

အာဖဂန်နစ္စတန်နိုင်ငံ၌ သေဆုံးသည့် နေတိုးတပ်ဖွဲ့ဝင်ဦးရေသည် ၂၀၀၉ ခုနှစ် ပထမနှစ်ဝက်နှင့် နှိုင်းယှဉ်ပါက ၂၀၁၀ခုနှစ်တွင် နှစ်ဆတိုးမြင့်လာကြောင်း နောက်ဆုံးထုတ်ပြန်သည့်စာရင်းများအရ သိရသည်။

၂၀၁၀ ခုနှစ်အတွင်း ယနေ့အထိ တာဝန်ထမ်းဆောင်ရင်းသေဆုံးသူ နေတိုးတပ်ဖွဲ့ဝင်ပေါင်း ၃၁၇ ဦးရှိသွားပြီဖြစ်သည်။ ယခုလတစ်လတည်းမှာပင် သေဆုံးသည့် တပ်ဖွဲ့ဝင် ၉၇ဦးရှိခဲ့ရာ ၂၀၀၁ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံအတွင်း အမေရိကန်ဦးဆောင်ကျူးကျော်ခဲ့ပြီးနောက် ဤလသည် သေဆုံးသူအများဆုံးလဖြစ်ခဲ့သည်။

အလွန်အကျွံအသုံးပြု

အမေရိကန်ဦးဆောင်တပ်ဖွဲ့ဝင်များ သေဆုံးမှုများလာရခြင်းသည် စစ်ဆင်တိုက်ခိုက်မှုများပြားလာပြီး တာလီဘန်စစ်သွေးကြွများက လမ်းဘေးဗုံးများ အလွန်အကျွံ အသုံးပြုတိုက်ခိုက်သောကြောင့်ဖြစ်သည်ဟု နေတိုးတာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။

အာဖဂန်စစ်ပွဲသည် ကြိုတင်မှန်းထားသည်ထက် ခက်ခဲကြန့်ကြာလှသည်ဟု စီအိုင်အေ ညွှန်ကြားရေးမှူး ပနိုက်တာက ဇွန် ၂၇ရက်တွင် ဝန်ခံပြောကြားသည်။ (အင်တာနက်)

အာဖဂန်နစ္စတန်မှ တိုက်ခိုက်မှုများကြောင့် အရပ်သား ၁၆ဦးထက်မနည်း သေဆုံး

ကဘူးလ် ဇွန် ၃၀

အာဖဂန်နစ္စတန်၌ အရပ်သားများသေဆုံး၊ဒဏ်ရာရရှိမှု မြင့်မားလျက်ရှိခြင်းအပေါ် စိုးရိမ်မှုများ မြင့်တက်နေချိန်တွင် အာဖဂန်နစ္စတန်နိုင်ငံ၌ သီးခြားစီဖြစ်ပွားသည့် တိုက်ခိုက်မှုနှစ်ခုအတွင်း အရပ်သား ၁၆ ဦးထက်မနည်း သေဆုံးကြောင်း အင်တာနက်သတင်းတွင် ဇွန် ၂၈ရက်က ဖော်ပြသည်။

ကန်ဒါဟာပြည်နယ်၌ ဆင်နွှဲသည့် စစ်ဆင်ရေးတစ်ခုတွင် နိုင်ငံခြားတပ်ဖွဲ့များ၏လက်ချက်ဖြင့် အရပ်သားရှစ်ဦး သေဆုံးခဲ့ရပြီး ဂါဇာနီပြည်နယ်၌ ဖြစ်ပွားသည့် ကားဗုံးပေါက်ကွဲမှုအတွင်း အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် အရပ်သားရှစ်ဦးသေဆုံးသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အခိုင်အမာပြောကြား

အဆိုပါ ကားဗုံးဖောက်ခွဲမှုသည် တာလီဘန်စစ်သွေးကြွများ၏ လက်ချက်ဖြစ်သည်ဟု ရဲတပ်ဖွဲ့က အခိုင်အမာပြောကြားသည်။

ဒဏ်ရာရ

မကြာသေးမီအတွင်းက ဖြစ်ပွားသည့် အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် နိုင်ငံအတွင်း တပ်စွဲထားသည့် နိုင်ငံခြားတပ်ဖွဲ့ဝင်များ ပိုမိုသေဆုံး ဒဏ်ရာရရှိစေသည်ဟုဆိုသည်။ **(အင်တာနက်)**

ဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ ဟိုက်ဒရာဘတ်မြို့ ယာဉ်ရပ်နားစခန်း၌ ဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို ဇွန်၃၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဗဟိုအမေရိကနှင့် တောင်ကိုရီးယားထိပ်သီးအစည်းအဝေး

ပနားမားနိုင်ငံ ပနားမားစီးတီးမြို့၌ စတင်ကျင်းပ

ပနားမားစီးတီး ဇွန် ၃၀

လေးရက်ကြာကျင်းပမည့် ဗဟိုအမေရိကနှင့် တောင်ကိုရီးယား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးကို ပနားမားနိုင်ငံ ပနားမားစီးတီး၌ ဇွန် ၂၉ရက်က စတင်ကျင်းပကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

အဆိုပါအစည်းအဝေး၌ ပနားမားသမ္မတရီကာဒိုမာတင်နယ်ရီနှင့် တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်တို့တွေ့ဆုံကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ပြောကြား

အာရှဈေးကွက်အတွင်း ဗဟိုအမေရိကနိုင်ငံများ၏ စားသုံးမှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပေါင်းစပ်ပါဝင်မှုကို တိုးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဗဟိုအမေရိကနိုင်ငံများနှင့် ကိုရီးယားနိုင်ငံတို့အကြား ဆက်သွယ်ဆောင်ရွက်မှုများမှာ အလွန်အရေးပါသည့် ကိစ္စရပ်များပင်ဖြစ်ကြောင်း ဗဟိုအမေရိကနိုင်ငံများကိုယ်စား ပနားမားသမ္မတမာတင်နယ်ရီက အဖွင့်မိန့်ခွန်း၌ ထည့်သွင်းပြောကြားသည်။

လက်မှတ်ရေးထိုး

ပနားမားသမ္မတ မာတင်နယ်ရီနှင့် တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်တို့အနေဖြင့် အစောပိုင်းရက်က အစည်းအဝေးပြင်ပ၌ သီးခြားတွေ့ဆုံကာ နည်းပညာနှင့် သိပ္ပံပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ



ပနားမားသမ္မတ
မာတင်နယ်ရီ

စင်ကာပူဓာတုကုန်တင်သင်္ဘော

အေဒင်ပင်လယ်ကွေ့၌ အပိုင်စီးခံရ

မိုဂါဒစ်ရှူး ဇွန် ၃၀

အေဒင်ပင်လယ်ကွေ့အတွင်း ဖြတ်သန်းခုတ်မောင်းလာသော တရုတ်သင်္ဘောသား ၁၉ဦးလိုက်ပါလာသည့် စင်ကာပူဓာတုကုန်တင်သင်္ဘောတစ်စင်းကို ဆိုမာလီဓားပြများက အပိုင်စီးသွားကြောင်း ဥရောပသမဂ္ဂရေတပ်က ဇွန် ၂၉ရက်၌ ထုတ်ဖော်ပြောကြားသည်။

အန္တရာယ်အရှိဆုံး

အဆိုပါသင်္ဘောသည် ဆိုမာလီကမ်းခြေသို့ ဦးတည်ခုတ်မောင်းလာခြင်းဖြစ်ပြီး ဆိုမာလီနိုင်ငံဝန်းကျင်ရှိရေပြင်သည် ကုန်သင်္ဘောများအတွက် အန္တရာယ်အရှိဆုံးနေရာတစ်ခုဖြစ်လာပြီဖြစ်သည်ဟု ဆိုသည်။

ကင်းလှည့်

ပင်လယ်ဓားပြမှုများကို တားဆီးဟန့်တားရန်အတွက် ကုလသမဂ္ဂက ဥပဒေချမှတ်ပြဋ္ဌာန်းခဲ့ပြီးနောက် နိုင်ငံတကာမှ စစ်သင်္ဘောများသည် အဆိုပါရေပြင်အတွင်း ကင်းလှည့်စောင့်ရှောက်လျက်ရှိသည်။

ပြန်ပေးဆွဲ

ပင်လယ်ဓားပြများအနေဖြင့် လက်ရှိအခြေအနေတွင် သင်္ဘော ၁၇စင်းထက်မနည်း ပြန်ပေးဆွဲခဲ့ပြီး သင်္ဘောသား ၃၀၀ကျော်ကို ဖမ်းဆီးထားသည်ဟု သတင်း၌ဖော်ပြသည်။

(အင်တာနက်)

ကူဝိတ်ရေနံတင်သင်္ဘောနှစ်စင်း

ဒေဝူးကုမ္ပဏီတည်ဆောက်ပေးမည်

ကူဝိတ်စီးတီး ဇွန် ၃၀

ကူဝိတ်အစိုးရနှင့် တောင်ကိုရီးယား ဒေဝူးသင်္ဘောတည်ဆောက်ရေးနှင့် ရေကြောင်းအင်ဂျင်နီယာကုမ္ပဏီတို့သည် ရေနံစိမ်းထုတ်လုပ်ရေးလုပ်ငန်း၌ အသုံးပြုရန်အတွက် သင်္ဘောနှစ်စင်းတည်ဆောက်ရန် ဇွန် ၂၈ရက်က သဘောတူလက်မှတ်ရေးထိုးကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တင်ဆောင်နိုင်

အဆိုပါ သင်္ဘောတည်ဆောက်ရေးစီမံကိန်းသည် အမေရိကန်ဒေါ်လာ၁၄၂သန်းတန်ဖိုးရှိပြီး သင်္ဘောတစ်စင်းလျှင် ရေနံစိမ်းတန်ချိန် ၁၁၀၀၀၀အထိ သိုလှောင်တင်ဆောင်နိုင်သည်ဟု ကူဝိတ်ရေနံကုမ္ပဏီ (ကေအိုင်တီစီ)က ပြောကြားသည်။

အမှာစာရရှိ

ယင်းစီမံကိန်းကို ၂၀၁၂ခုနှစ်တွင် အပြီးတည်ဆောက်မည်ဖြစ်ပြီး ဒေဝူးကုမ္ပဏီအနေဖြင့် အစောပိုင်းကလည်း ရေနံစိမ်းတန်ချိန် ၃၁၈၀၀၀ တင်ဆောင်နိုင်သည့် သင်္ဘောလေးစင်း တည်ဆောက်ပေးရန် အမှာစာရရှိခဲ့ပြီးဖြစ်သည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သံမဏိလက်အိတ်

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် နိုင်ငံတကာ စက်မှုထုတ်ကုန် ပြပွဲအတွင်း ပြသထားသည့် သံမဏိ လက်အိတ်များကို ဇွန်၃၀ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

ပါလက်စတိုင်း ၇၃၀၀ အစ္စရေးအကျဉ်းထောင်များ၌ ထိန်းသိမ်းခံထားရ

တဲလ်အဗစ် ဇွန် ၃၀

အမတ် ၁၇ဦးနှင့် ဝန်ကြီးဟောင်းနှစ်ဦးအပါအဝင် ပါလက်စတိုင်း ၇၃၀၀တို့သည် ယခုအခါ အစ္စရေးအကျဉ်းထောင်၂၀ခန့်အတွင်း ထိန်းသိမ်းခံထားရကြောင်း အင်တာနက်သတင်း၌ ဇွန် ၃၀ရက်က ဖော်ပြထားသည်။ ထိန်းသိမ်းခံရသူများတွင် အမျိုးသမီး ၃၃ဦး၊ ကလေးငယ် ၃၀၀ခန့်၊ အုပ်ချုပ်ရေးဘက်မှ အကျဉ်းသား ၂၉၆ဦးနှင့် ဒါဇင်ချီရှိသောနိုင်ငံရေးခေါင်းဆောင်များ ပါဝင်ကြောင်း ပါလက်စတိုင်းသုတေသီ ဖာရောနာက ပြောကြားသည်။

ထိန်းသိမ်းခံရသူ ၁၅၀၀သည် နာမကျန်းဖြစ်ပြီး လတ်တလောအားဖြင့် ဆေးကုသမှုရရှိရန်လိုအပ်နေကာ ဒါဇင်ချီရှိသည့် ထိန်းသိမ်းခံများသည် ခွဲစိတ်ကုသရန်နှင့် ဆေးရုံတက်ရန် လိုအပ်နေသည်ဟု ဖာရောနာက ပြောကြားသည်။ သို့ရာတွင် အစ္စရေးအာဏာပိုင်များက အရေးယူဆောင်ရွက်ခြင်းမရှိဟု ဆိုသည်။

ပြောကြား

အဆိုပါအထိန်းသိမ်းခံများကို အကျဉ်းထောင် ၂၀ခန့်နှင့် စစ်ဆေးရေးဌာနများတွင်ထားရှိပြီး အဓိကအားဖြင့် ရာဟွန်၊ ရှက်တာ၊ ဂယ်ဘိုဝါ၊ အက်စ်ကာလန်၊ အယ်လ်-ဒါမွန်၊ ဘီအာရှီဗာ၊ အိုဖာ၊ မာဂျေ့ဒိုးနှင့်နီဂက် စစ်ဆေးရေးဌာနများတွင် အများစုကို ထိန်းသိမ်းထားကြောင်း ဖာရောနာက ထပ်လောင်းပြောကြားသည်။

(အင်တာနက်)

ရှင်းလင်းဆောင်ရွက်

ဘယ်လ်ဂျီယံနိုင်ငံ လိဂ်မြို့အနီး၌ နေအိမ်ပြိုကျပြီးနောက် ရှင်းလင်းဆောင်ရွက်နေကြသည့် မီးသတ်တပ်ဖွဲ့ဝင်များကို ဇွန်၃၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ပါကစ္စတန်သမ္မတ တရုတ်သို့ ထွက်ခွာ

ပါကစ္စတန်သမ္မတ အလီဇာဒါရီသည် သမ္မတဟူကျင်ထောင်၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ အလုပ်သဘော အလည်အပတ်ခရီးအဖြစ် ဇူလိုင် ၆ရက်မှ ၁၁ရက်အထိ သွားရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန် ၃၀ရက်၌ သတင်းထုတ်ပြန်သည်။

အရှေ့ဂျာဗား၌ ရထားလမ်းချော်မှုဖြစ်ပွား

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် မာဒီအမ်မြို့နှင့် နမ်ဂျက်ခ်မြို့အကြားတွင် ဇွန် ၃၀ရက်က ရထားလမ်းချော်မှုဖြစ်ပွားရာ ခရီးသည်ခြောက်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့က ပါလက်စတိုင်းတို့အား ဖမ်းဆီး

ပါလက်စတိုင်းအနောက်ဘက်ကမ်းဒေသတွင် အစ္စရေးတပ်ဖွဲ့ဝင်များက ပါလက်စတိုင်းအရပ်သားကိုးဦးအား ဇွန်၃၀ရက်နံနက်က ဖမ်းဆီးသွားကြောင်း၊ ၎င်းအရပ်သားများမှာ ဟီဘရွန်မြို့နှင့် ရာမာလာမြို့တို့မှဖြစ်ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာဈေးနှုန်းကျဆင်း

ကမ္ဘာ့ငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာဈေးနှုန်းများ ကျဆင်းလျက်ရှိရာ ဂျပန်ငွေကြေးဈေးကွက်၌ ဇွန် ၃၀ရက် ဈေးပိတ်ချိန်တွင် ဂျပန်ယန်း ၈၈ယန်းလျှင် တစ်ဒေါ်လာဖြစ်ခဲ့ကြောင်း ဂျပန်ငွေကြေးအရာရှိများက ပြောကြားသည်။

တရုတ်မြောက်ပိုင်း၌ တောမီးများ ထပ်မံလောင်ကျွမ်း

တရုတ်နိုင်ငံမြောက်ပိုင်း၌ တောမီးများ ထပ်မံလောင်ကျွမ်းလျက်ရှိရာ မီးသတ်တပ်ဖွဲ့ဝင် ၁၆၀၀၀ခန့်တို့ အရေးပေါ်မီးငြိမ်းသတ်နေရကြောင်း၊ ဇွန် ၃၀ရက်၌ တောမီးကို ထိန်းချုပ်နိုင်ခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ *(အောက်ပုံ)*

မက်ဒရစ်မြို့၌ ပေါက်ကွဲမှုဖြစ်ပွား

စပိန်နိုင်ငံ မက်ဒရစ်မြို့ရှိ စာသင်ကျောင်းတစ်ကျောင်းတွင် ဇွန် ၃၀ရက် နံနက်က ပေါက်ကွဲမှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးခဲ့ကြောင်း၊ ၎င်းစာသင်ကျောင်း၏လက်တွေ့ခန်းမှ ပေါက်ကွဲခြင်းဖြစ်ကြောင်း မက်ဒရစ်မြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

သီရိလင်္ကာနှင့် ယူကရိန်းတို့ စစ်ရေးပူးပေါင်းလက်တွဲမည်

သီရိလင်္ကာနှင့် ယူကရိန်း နှစ်နိုင်ငံတို့အနေဖြင့် စစ်ရေးအရ ပူးပေါင်းလက်တွဲဆောင်ရွက်သွားရန်၊ အပြန်အလှန်ဆက်ဆံရေးတိုးမြှင့်ရန် ယူကရိန်းသို့ အလည်အပတ်ရောက်ရှိနေသော သီရိလင်္ကာသမ္မတရာဂျာပတ်ခ်ဆာက ယူကရိန်းသမ္မတယာနူကော့ယက်ဗ်နှင့် တွေ့ဆုံစဉ် ဇွန် ၃၀ရက်၌ ပြောကြားသည်။

မလေးရှားနှင့်ဖိလစ်ပိုင်ဆက်ဆံရေးတိုးတက်ရန် ဆောင်ရွက်

မလေးရှားနှင့် ဖိလစ်ပိုင်နှစ်နိုင်ငံတို့၏ အပြန်အလှန်ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မလေးရှားအရာရှိများက ဇွန် ၃၀ရက်၌ ပြောကြားသည်။

အီရန်၏ ယူရေနီယံသန့်စင်မှုရပ်ဆိုင်းရန် ရုရှားပြောကြား

အီရန်၏ ယူရေနီယံသန့်စင်မှုလုပ်ငန်းများကို ရပ်ဆိုင်းရန်လိုအပ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က ဇွန် ၃၀ရက်၌ တိုက်တွန်းလိုက်သည်။ အီရန်တို့အနေဖြင့် အိုင်အေအီးအေအပါအဝင် အနောက်နိုင်ငံများနှင့် ဆွေးနွေးပွဲကျင်းပသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

(အင်တာနက်)



သာယာဝတီ၊ ကြခင်းနှင့် ရွှေတောင်မြို့ရှိ စက်ရုံများ စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၃၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဇွန် ၂၇ရက် နံနက် ၉နာရီ ၁၅မိနစ်က မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း ပန်းကန်နှင့် ကြွေပြားစက်ရုံ(သာယာဝတီ)သို့ရောက်ရှိပြီး ကုန်ထုတ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးရည်က ရေအိမ်သုံးကြွေထည်ပစ္စည်းထုတ်လုပ်မှုတွင် စက်ပစ္စည်းအသစ်များ ရောက်ရှိတပ်ဆင်မည့် အခြေအနေနှင့် အခြောက်ခံစက်၊ အချောကိုင်စက်၊ ကြွေရည်တင်လိုင်းများ တပ်ဆင်မှုတို့ကို ရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ကြွေပြားစက်ရုံသို့ ရောက်ရှိ၍ ကုန်ထုတ်လုပ်ငန်းအဆင့်ဆင့်နှင့် စက်ရုံမှထုတ်လုပ်သော အဆင့်မြင့်ကြွေပြားများကို ကြည့်ရှုစစ်ဆေးပြီး အဆင်ဒီဇိုင်းများ ကောင်းမွန်သပ်ရပ်အောင် ထုတ်လုပ်ကြရန် မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ကြံခင်းဘိလပ်မြေစက်ရုံသို့ ရောက်ရှိပြီး ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးကာ လုပ်ငန်း လိုအပ်ချက်များကို မှာကြားသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ညနေပိုင်းတွင် မြန်မာ့အထည်အလိပ်လုပ်ငန်း ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံသို့ ရောက်ရှိပြီး စက်များ ကြံ့ခိုင်မှုနှင့် ကုန်ထုတ်လုပ်ငန်းများ၊ စက်ရုံမှ တီထွင်ထုတ်လုပ်သော စက်အရံပစ္စည်းများနှင့် စက်ရုံမှ ထုတ်လုပ်ထားသော ပိတ်များ၊ မြန်မာ့ရိုးရာ ရက်ကန်းလုပ်ငန်း၏ ရိုးရာအဝတ်အထည်များ ရက်လုပ်မှုနှင့် နှစ်အလိုက် ထုတ်လုပ်ထားသော အဆင်ဒီဇိုင်းများ၊ ဆေးဆိုး ပန်းရိုက်ခြင်းလုပ်ငန်းများနှင့် စက်ရုံမှ ထုတ်လုပ်ထားသော အပွင့်ရိုက်နှင့် ပန်းရိုက်အထည်များ၊ ဒီဇိုင်းပုံစံများ ရေးဆွဲနေမှုနှင့် ဒီဇိုင်းပြခန်း၌ နှစ်အလိုက်ထုတ်လုပ်ထားသော ဒီဇိုင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သန့်ရှင်းရေးဆောင်ရွက်

ကျောင်းကုန်း မြို့ပေါ်ရပ်ကွက်များရှိ မြို့တွင်းလမ်းနှင့် ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန်နှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုကို ဇွန်၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတင့် ကြီးကြပ်ဆောင်ရွက်စဉ်။

(၁၅၄)

ယိုကိုဟားမား ဘက်ထရီများ တင်သွင်းဖြန့်ချိ

ရန်ကုန် ဇွန် ၃၀

မြန်မာနိုင်ငံ၏ ဘက်ထရီဈေးကွက်အတွင်းသို့ဝင်ရောက်လာသော Yokohama Battery မှာ နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီ အသိအမှတ်ပြု ISO 9001: 2000 & ISO 14001: 2004 လက်မှတ်ရရှိထားပြီး ဂျပန်နိုင်ငံ၏ အဆင့်မြင့်နည်းပညာဖြင့် မလေးရှားနိုင်ငံတွင် ထုတ်လုပ်ထားကြောင်း၊ ရာခိုင်နှုန်းပြည့် သန့်စင်သော ခဲ၊ သတ္တုများကို အမေရိကန်နိုင်ငံမှ တင်သွင်းလာသော Auto Continous Machine စက်သစ်ကြီးဖြင့် မလေးရှားနိုင်ငံတွင် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်၍ တပ်ဆင်အသုံးပြုထားကြောင်း သိရသည်။

Yokohama Battery ၏ အားသာချက်မှာ Battery အတွင်းရှိ ခဲပြားများကို Envelope Type ဖြင့် ထည့်သွင်းထားသည့်အတွက် Internal Shock ဖြစ်ခြင်းမှ ကာကွယ်နိုင်ရုံသာမက အဖိုအမ Shock ဖြစ်လျှင်လည်း Battery အိုးပေါက်ကွဲသည့် အန္တရာယ်မဖြစ်အောင် ကာကွယ်ပေးသည်။ Battery အိုး အသုံးပြုသူများအနေဖြင့် Battery ကို အားကုန်အောင် မသုံးသင့်သလို Over Charging မဖြစ်အောင်လည်း အထူးဂရုစိုက် အသုံးပြုရန် လိုအပ်သည်။

ရောင်းချ

မလေးရှားနိုင်ငံ TAI- KWONG YOKOHAMA BATTERY INDUSTRIES SDN BHD က ထုတ်လုပ်သော Battery အိုးအမျိုးမျိုးနှင့် အခြားထုတ်ကုန်များအတွက် မြန်မာနိုင်ငံဈေးကွက်တစ်ဦးတည်း အရောင်းကိုယ်စားလှယ်အဖြစ် ရန်ကုန်မြို့ရှိ Eagle Enterprise Ltd. ဖုန်း-၆၈၅၅၁၅ နှင့် ၆၈၁၉၄၂ကို တရားဝင် ခန့်အပ်ထားပြီး ၂၀၀၈ခုနှစ်မှစ၍ Yokohama Battery များကို မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

Eagle Enterprise Ltd. က တိုက်ရိုက်ဖြန့်ဖြူး ရောင်းချထားသော အမြို့မြို့အနယ်နယ်ရှိအရောင်းကိုယ်စားလှယ်ဆိုင်များတွင် Yokohama Battery များကို ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပျိုးပွဲ ရွှေပြည်သာ၌ကျင်းပ

ရန်ကုန် ဇွန် ၃၀

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးညီညီအောင်၏ဦးဆောင်မှုဖြင့် ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၉ရက် နံနက် ၇နာရီက ရွှေပြည်သာစက်မှုဇုန်(၁) ၁၀လမ်းနှင့် သာဓုကန်စက်မှုဇုန် လမ်းဘေးဝဲယာ၌ ကျင်းပသည်။ **(အောက်ပုံ)**

စိုက်ပျိုး

အဆိုပါ ပွဲတော်၌ မြို့နယ်ဌာနဆိုင်ရာများ၊ စက်မှုဇုန်(၁) စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စက်ရုံလုပ်သားများ၊ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများ စုပေါင်း၍ စိုက်ပျိုးပင် ၂၀၀၀ကျော် ပါဝင်စိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ စုပေါင်းသစ်ပင်စိုက်ပျိုး

နေပြည်တော် ဇွန် ၃၀

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၈ရက် နံနက် ၇ နာရီက မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ်ရှိ ကန်တော်ကြီး ဇီဝိတဒါန သံဃာ့ဆေးရုံဝင်းအတွင်း၌ ကျင်းပရာ **(အပေါ်ပုံ)** မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးအောင်နှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဇီဝိတဒါနသံဃာ့ဆေးရုံ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးကိုလေး၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးလွင်ကို၊ မန္တလေးတိုင်း သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်း(၅)နှင့် သစ်တောဝန်ထမ်းများ တက်ရောက်ကြသည်။

စိုက်ပျိုး

စုပေါင်း သစ်ပင်စိုက်ပျိုးပွဲတွင် မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဌေးဌေးအောင်က ပိတောက်ပင်ကို စိုက်ပျိုးပေးသည်။ ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ဝင်များက သတ်မှတ်နေရာ အသီးသီးတွင် သစ်ပင်မျိုးစုံတို့ကို စုပေါင်းစိုက်ပျိုးကြသည်။ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ပိတောက်၊ ခရေ၊ စိန်ပန်း၊ မယ်ဇယ်၊ သပြေ၊ သဘော်တယ်၊ ပုန်းညက်၊ ကံ့ကော်၊ တမာနှင့် ငုရွှေဝါ စုစုပေါင်း အပင် ၂၀၀ စိုက်ပျိုးကြသည်။

(သတင်းစဉ်)

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇွန် ၃၀

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၂၅)တွင် Political Times အထူးအချပ်ပိုအပါအဝင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် နိုင်ငံရေးကာတွန်းများ၏ အခန်းကဏ္ဍ မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာမောင်စူးစမ်းရေးသားသည့် နိုင်ငံရေးဦးနှောက်နှင့် ပုံပြင်အညွှန်း(၁၀)ချက်၊ဆရာဖွဲ့သန်းသျှင်း (သုံးဆယ်)ရေးသားသည့် ကာတွန်းဦးဘကလေး၏ ရွေးကောက်ပွဲကာတွန်းများ၊ ဆရာနောင်ဦးရေးသားသည့် နိုင်ငံရေးပါတီများနှင့် မဲဆွယ်စည်းရုံးလှုပ်ရှားရေးစသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ ကမ်းနားလမ်းအဆင့်မြှင့်ခြင်းနှင့် ပုဂ္ဂလိကဘဏ်ကြီးများ ဖွင့်လှစ်မည့် အစီအစဉ်ကြောင့် မြို့တွင်းခြောက်မြို့နယ်တွင် အိမ်ခြံမြေဈေးများ ကျပ်သိန်း ၇၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်လာ၊ အွန်လိုင်းမှ အခွန်ထမ်းဆောင်နိုင်တော့မည်၊ နိုင်ငံတကာပုံစံနှင့် အဆင့်မီကားသစ်များ အမှတ် (၂)စက်မှုဝန်ကြီးဌာနက ထပ်မံထုတ်လုပ်၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားစနစ်များ အမှတ်(၂) စက်မှုဝန်ကြီးဌာနက အနည်းဆုံး ကျပ်နှစ်သိန်းဝန်းကျင်ဖြင့် ရောင်းမည်၊ ဂင်းနက်စ်ဘွဲ့ယူမယ့်မြန်မာပြည်က အပုဆုံးလူသားလေးအကြောင်း၊ ဘော်ဒါဆောင်များ သတိထားဖွယ်ရာ အကြောင်း၊ ဗီယက်နမ်ခရီးသွားများ မြန်မာနိုင်ငံသို့ ခြေဦးလှည့်၊ ကြွက်ရှိရင် ပလိပ်ရှိမယ် ကျန်းမာရေးသတင်းဆောင်းပါး၊ iphone ဟန်းဆက်ဝယ်မယ်ဆို သတိထား၊ လိပ်ပြာတွေ ရစ်ဝဲနေသည့် စိမ်းလန်းမြေကိုရီးယားခရီးသွားဆောင်းပါး၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် ရွေးချယ်မှုအကြောင်း၊ Yangon Forum ကဏ္ဍ၊ အခုချိန်မှာ အရေးအကြီးဆုံးက မက်လောက်စရာပါပဲ ဝိုင်းစုခိုင်သိန်းနှင့် လိုတိုဇူးစသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်သည်။

ရွှေကိုဝယ်ယူစုဆောင်းခြင်းဖြင့် ဘေးကင်းလုံခြုံမှု ရှိစေနိုင်၊ စင်ကာပူတွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူများ သန့်ရှင်းရေးလုပ်ရမည်၊ အိမ်မွေးတိရစ္ဆာန်များကို ဆေးဆိုးပေးခြင်း တရုတ်တွင် ခေတ်စား၊ ဂျီ- ၂၀ထိပ်သီးဆွေးနွေးပွဲတွင် စိန်ခေါ်မှုများနှင့် အိုဘားမား ရင်ဆိုင်ရဖွယ်ရှိ၊ ညဘက် မကြာခဏဆီးသွားသူများ အသက်အန္တရာယ်ရှိ၊ သမ္မတသစ် လူပျိုကြီးအကွီနို အိမ်ထောင်ပြုတော့လေမလား ပြည်သူများစိတ်ဝင်စား၊ တောရိုင်းတိရစ္ဆာန်အသားများ ဥရောပလေဆိပ်တွင် အပတ်စဉ်ခိုးသွင်းနေ၊ နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် အင်ဒိုနီးရှားအစီအစဉ်မရှိဟုဆို၊ ကျောင်းသားငယ်အား ဆရာမက နှိပ်စက်ညှဉ်းပန်းသည့်အမှု တက္ကဆက်ပြည်နယ်တွင်ဖြစ်ပွားမှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာ ဖော်ပြပါရှိသည်။ ***(သတင်းစဉ်)***

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်းရထားလမ်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ဝန်ကြီးဦးအောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၃၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်မင်းသည် ဒုတိယဝန်ကြီးဦးဖေသန်းနှင့်အတူ ဇွန် ၂၈ရက် နံနက်ပိုင်းက နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာဦးတင်စိုးက လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ (အပေါ်ပုံ)

ထို့နောက် ဝန်ကြီးက အဆိုပါ ရထားလမ်းသည် နေပြည်တော်မှ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့ကို တိုက်ရိုက်ဆက်သွယ်သွားလာနိုင်သဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရရှိစေမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းအားလုံးသည် ကွန်ရက်သဖွယ် သွားလာနိုင်မည်ဖြစ်ကြောင်း၊ နေပြည်တော်ကို ဗဟိုပြုသော ရထားလမ်းပိုင်းများကို ဖောက်လုပ်ပေးခဲ့ပြီး ယခုထပ်မံ၍ နေပြည်တော်မှ ပင်လောင်းမြို့သို့ ဖောက်လုပ်ပေးနေခြင်း ဖြစ်ကြောင်း ပြောကြားသည်။

မြေသားလုပ်ငန်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည်အောင်ပန်း-လွိုင်ကော်ရထားလမ်းပေါ်ရှိ သစ်ပင်ကြီးရပ်စခန်းနေရာအား နေပြည်တော်-ပင်လောင်းလမ်းပေါ်ရှိ ဘူတာအဖြစ် တိုးမြှင့်ဆောင်ရွက်ရန်၊ ဘူတာတည်ဆောက်မည့် မြေနေရာနှင့် ဘူတာယာဒ်ဝင်းတို့ကို စက်ယန္တရားများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေကျေးရွာအနီးရှိ နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်းရထားလမ်းဖောက်လုပ်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာ ဦးဇော်မင်းဦးက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်ဒုတိယဝန်ကြီးတို့သည် နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းမကြီးကို ဖြတ်သန်း၍ စက်ယန္တရားများဖြင့် ရထားလမ်းမြေသားတာပေါင်များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘက်စုံသဘာဝဘေး ကြိုတင်သတိပေး ဗဟိုဌာန ဝန်ကြီး ဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၃၀

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဆွေနှင့် တာဝန်ရှိသူများသည် ဇွန် ၂၉ရက် မွန်းလွဲ ၂နာရီခွဲက နေပြည်တော်ရှိ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဘက်စုံသဘာဝဘေး ကြိုတင်သတိပေးဗဟိုဌာနသို့ သွားရောက်၍ ဇလဗေဒဌာနခွဲ၏ မြစ်ရေခန့်မှန်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှု၊ စတူဒီယိုရိုက်ကူးရေးခန်းမ၌ သဘာဝဘေး ကြိုတင်ကာကွယ်ရေးအတွက် ရုပ်မြင်သံကြားမှ လူထုအသိပညာပေးအစီအစဉ်အဖြစ် ထုတ်လွှင့်ပေးရန် ဆောင်ရွက်နေမှုနှင့် နေ့စဉ်မိုးလေဝသသတင်းရိုက်ကူးနေမှု အခြေအနေများ၊ မိုးလေဝသဌာနခွဲ၌ နေ့စဉ်မိုးလေဝသခန့်မှန်းချက် ထုတ်ပြန်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မြေငလျင်ဌာနခွဲ၌ မြေငလျင်လှုပ်ရှားမှု တိုင်းထွာရေးနှင့် သတင်းထုတ်ပြန်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆို သဲကုန်းမြို့နယ်၌ သစ်ပင်စိုက်ပျိုး

သဲကုန်း ဇွန် ၃၀

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ရက် နံနက်၁၀နာရီက သဲကုန်းမြို့အမှတ်(၄)ရပ်ကွက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးသော်နိုင်ဦးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများသို့ ပျိုးပင်များ ဖြန့်ဝေပေးသည်။ **(အပေါ်ပုံ)**

တပျော်တပါးစိုက်ပျိုး

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မူမူခင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးသော်နိုင်ဦးနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်၊ တမာနှင့်ကုက္ကိုပင်များ စုစုပေါင်းအပင် ၄၅၀ကို စိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ ဆက်)**

တန့်ယန်းမြို့ရှိ မူလတန်းကျောင်းနှင့် လူငယ်သင်တန်းကျောင်းများသို့ စာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့

နေပြည်တော် ဇွန် ၃၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုသည် ဇွန် ၂၅ရက်က တန့်ယန်းမြို့မန်ဆိုင်းအခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသားကျောင်းသူ ၈၀ အတွက် ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်၊ ခဲတံနှင့် ဘောလ်ပင်များကိုလည်းကောင်း၊ တန့်ယန်းမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၂၂ဦးအတွက် ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်၊ ဘောလ်ပင်၊ ခဲတံနှင့် ထောက်ပံ့ငွေများကို လည်းကောင်း ပေးအပ်သည်။

ဂုဏ်ပြုဆုပေးအပ်

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါ သင်တန်းကျောင်းမှ ၂၀၀၉-၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော မနန်းမြအောင်(ခ)မခင်နှင်းဆီအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထောက်ပံ့

ဆက်လက်၍ တန့်ယန်းမြို့ အမှတ်(၂)ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူ ၄၄၇ဦးအတွက် ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်၊ ဘောလ်ပင်နှင့် ခဲတံများ ထောက်ပံ့ပေးခဲ့သည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

စာကြည့်တိုက်ဖောင်ဒေးရှင်းနှင့် အလှူရှင်များ မြောက်ဥက္ကလာပ၌ စာအုပ်စာစောင်များလှူဒါန်း

ရန်ကုန် ဇွန် ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် စံပြ(၈)ရပ်ကွက် ဓမ္မရောင်ခြည်ဦးသို့ စာကြည့်တိုက်ဖောင်ဒေးရှင်းနှင့် အလှူရှင်များက စာအုပ်စာစောင်များလှူဒါန်းပွဲကို ဇွန်၂၆ရက် နံနက်၁၀နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီနာယက ဦးမင်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်မြင့်နိုင်က စာကြည့်တိုက်ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် ယူနီကာလာ ချောချောဗလာစာအုပ် မိသားစုက လှူဒါန်းသော တန်ဖိုးငွေ ကျပ်၁၅၀၀၀၀ရှိ သုတရသ စာအုပ် ၁၃၅အုပ်၊ တန်ဖိုးငွေကျပ် ၁၂၀၀၀၀ ရှိ ဂျာနယ်ပေါင်းစုံ စောင်ရေ ၅၆၀နှင့် တန်ဖိုးငွေကျပ် ၄၅၀၀၀၀ရှိ မဂ္ဂဇင်းပေါင်းစုံ ၃၂၀တို့ကို အလှူရှင်များ ကိုယ်စား ဦးဇော်မင်းက လှူဒါန်းရာ ဦးစီးမှူးက လက်ခံယူသည်။ (ဝဲပုံ)

လက်ခံ

ဆက်လက်၍ စာကြည့်တိုက်ဖောင်ဒေးရှင်းနှင့် အလှူရှင်များက လှူဒါန်းသော စာအုပ်စာစောင်များကို ဦးစီးမှူးက ဓမ္မရောင်ခြည်ဦးစာကြည့်တိုက်သို့ လှူဒါန်းရာ စာကြည့်တိုက် ဥက္ကဋ္ဌဦးသာထွန်းက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဆေးဝါးအရောင်းမြှင့်တင်

ရန်ကုန် ဇွန် ၃၀

ဘင်္ဂလားဒေ့ရှ် သမ္မတနိုင်ငံ SQUARE Pharmaceuticals Ltd. မှ ထုတ်လုပ်သော ဆေးများကို မြန်မာနိုင်ငံ Olive Pharmaceuticals Ltd. က တင်သွင်းဖြန့်ဖြူးလျက်ရှိရာ ENTACYD PLUS အစာအိမ်ရောဂါပျောက်ဆေး အရောင်းမြှင့်တင်ခြင်းနှင့် မိုးရာသီမိတ်ဆုံစားပွဲ အခမ်းအနားကို ဇွန် ၂၇ရက် ညဖနာရီခွဲက ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပသည်။

တည်ခင်းဧည့်ခံ

အခမ်းအနားတွင် SQUARE Pharmaceuticals Ltd. မှ Senior Manager Dr.Omar Rab က ENTACYD PLUS အစာအိမ်ရောဂါပျောက်ဆေးထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် အကျိုးအာနိသင်များအကြောင်းကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် တက်ရောက်လာကြသူများအား ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဝယ်ယူရရှိနိုင်

ဘင်္ဂလားဒေ့ရှ် သမ္မတနိုင်ငံ SQUARE Pharmaceuticals Ltd. က ထုတ်လုပ်သော ပိုးသတ်ဆေး၊ အကိုက်အခဲပျောက်ဆေး၊ အစာအိမ်ရောဂါပျောက်ဆေး၊ နှလုံးနှင့်သွေးကြောဆိုင်ရာဆေး၊ အရေပြားနှင့်ဆိုင်သောဆေး၊ ရင်ကျပ်ပန်းနာပျောက်ဆေး၊ မျက်စဉ်းဆေးနှင့် အားဆေးစသည့် အမျိုးပေါင်း ၁၅၀ကျော်ကို Olive Pharmaceuticals Ltd. က တင်သွင်းဖြန့်ဖြူးလျက်ရှိရာ ဝယ်ယူလိုပါက Olive Pharmaceuticals Ltd. ဖုန်း -၅၁၁၀၂၇၊ ၅၂၅၈၆၀ ၊ ၀၉-၅၀-၂၀၁၁၇ နှင့် အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။ **(သတင်းစဉ်)**

ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်

ဗန်းမော် ဇွန် ၃၀

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးရွာချင်းဆက်လမ်းများ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကံကြီးကျေးရွာနှင့် သိန်လင်ကျေးရွာချင်းဆက် မြေသားလမ်းကို မြေညှိစက်ဖြင့် လမ်းဖောက်လုပ်မှု လုပ်ငန်းခွင်တွင် မေ ၁၈ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးထွန်းလတ်မောင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ ***(ခရိုင် ပြန်/ဆက်)***

● *ရှေ့ဖုံးမှ*

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ရန်ကုန်-ပုသိမ်ရထားလမ်း ဖောက်လုပ်နေမှုနှင့် ညောင်တုန်းမြို့ကို ဖြတ်သန်း၍ တံတားချဉ်းကပ်လမ်း ဖောက်လုပ်မည့်အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ဂရုပြုဆောင်ရွက်

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က ရာသီဥတုနှင့် မြစ်ရေအခြေအနေပေါ်မူတည်၍ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို သွက်သွက်လက်လက် ဆောင်ရွက်သွားရန်၊ လိုအပ်သော တည်ဆောက်ရေးပစ္စည်းများ အချိန်မီရောက်ရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်၊ ပင်မတံတားနှင့် ချဉ်းကပ်လမ်းများ အရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ မြစ်ကမ်းပါးထိန်းသိမ်းရေး၊ ရေလမ်းကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများအား ဂရုပြုဆောင်ရွက်သွားရန်တို့ကို အသေးစိတ်မှာကြားပြီး တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဧရာဝတီတံတား (ညောင်တုန်း) သည် တံတားအုတ်မြစ်နှင့် အောက်ထည် သံကူကွန်ကရစ် အမျိုးအစားနှင့် တံတားအပေါ်ထည် သံမဏိသံပေါင်အမျိုးအစားဖြစ်ပြီး ပင်မတံတားအရှည် ၇၄၀၂ပေ ရှိမည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်တို့ လိုက်ပါလျက် ကြိမ်ပင်ဆည်-စကွေ့-ဓနုဖြူ-ဇလွန်-ဟင်္သာတလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး လမ်းပြုပြင် ထိန်းသိမ်းနေမှု၊ လမ်းတစ်လျှောက် မိုးစပါး ပျိုးထောင်ထားရှိမှုနှင့် စိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဖွင့်လှစ်နိုင်ရန်စီစဉ်

ယင်းနောက် ဟင်္သာတခရိုင် ဇလွန်မြို့ရှိ ဇလွန်မီးရထားဘူတာ တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ဝန်ကြီး ဦးအောင်မင်းက ဟင်္သာတ-ဓနုဖြူ-စကွေ့(ညောင်တုန်း) ရထားလမ်း ဖောက်လုပ်နေမှုအခြေအနေ၊ မြေကြီးလုပ်ငန်း၊ တာပေါင်လုပ်ငန်းနှင့် တံတားလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ အရှည် ၁၇ ဒသမ ၈၅မိုင်ရှိ ဟင်္သာတ-ဇလွန်လမ်းပိုင်းကို မကြာမီ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဟင်္သာတခရိုင်၊ မအူပင်ခရိုင်နှင့် ဇလွန်မြို့နယ်တို့မှ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ဟင်္သာတ - ဓနုဖြူ - စကွေ့ (ညောင်တုန်း)ရထားလမ်းသည် အရှည် ၄၈မိုင်ရှိပြီး ဖောက်လုပ်ပြီးစီးပါက ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ပုသိမ်၊ ကြံခင်း၊ ပခုက္ကူ၊ ကလေး၊ မင်းဘူး၊ အမ်း၊ စစ်တွေမြို့များနှင့် နိုင်ငံတစ်ဝန်းလုံးရှိ မြို့များသို့ တစ်ဆက်တစ်စပ်တည်း ဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဇလွန်မြို့ ဖွံ့ဖြိုးစည်ပင်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ဟင်္သာတမြို့သို့ ရောက်ရှိသည်။

ယင်းနောက် ဟင်္သာတမြို့ရှိ ဧရာဝတီမြစ်ကမ်းပါး၌ တာပေါင်များ တည်ဆောက်ထားမှုကို လှည့်လည်ကြည့်ရှုပြီး ပြည်လုံးကပ်ကျော် ဦးပါရဲ စေတီတော်အနီးရှိ ယာယီရှင်းလင်းဆောင်၌ ဝန်ကြီး ဦးဌေးဦးက စေတီတော်အနီး ဧရာဝတီမြစ်ကမ်းပါးကို မြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန်အတွက် GEO TUBE တပ်ဆင်ခြင်းလုပ်ငန်းနှင့် တာပေါင်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး တာပေါင်ဖို့ခြင်း လုပ်ငန်းဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ဟင်္သာတ - မြို့ကွင်း - ကွင်းကောက်လမ်းအခြေအနေနှင့် ပုသိမ်-မုံရွာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကာ ညအိပ်ရပ်နားသည်။

အဓိကကျ

နိုင်ငံတော်ဝန်ကြီးချုပ်က ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများအား တွေ့ဆုံမှာကြားရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်နေစေရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးတို့သည် အဓိကကျသော အခြေခံအချက်များဖြစ်ကြောင်း။

ဧရာဝတီတိုင်းအနေဖြင့် ယခင်က ရေလမ်းခရီးတစ်ခုတည်းကိုသာ အားကိုးသွားလာနေရသဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဒေသတစ်ခုဖြစ်ခဲ့ကြောင်း၊ ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အဓိကကားလမ်းမကြီးများ၊ မြစ်ကူးတံတားကြီးများနှင့် ရထားလမ်းများကိုပါ ကွန်ရက်သဖွယ် တိုးချဲ့တည်ဆောက်ပေးနေမှုများကြောင့် နေရာဒေသမရွေး လွယ်လင့်တကူ သွားလာနိုင်သော ဒေသတစ်ခု ဖြစ်နေပြီဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်လာ

နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် လမ်းပန်းဆက်သွယ်မှု အပါအဝင် လိုအပ်သော အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးခဲ့၍ စီးပွားရေး၊ လူမှုရေး ကဏ္ဍများပါ တစ်ပြိုင်တည်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်ကြောင်း။

ဤအခြေခံ အဆောက်အအုံကောင်းများကို ဧရာဝတီတိုင်း၏ ထူးခြားကောင်းမွန်သော ရေမြေသဘာဝများနှင့် ထိထိရောက်ရောက် ဆက်စပ်အသုံးချပြီး ပြည်သူတစ်ဦးချင်းကလည်း မပျင်းမရိဘဲ ကြိုးကြိုးစားစား အလုပ်လုပ်ကြရန် လိုအပ်ကြောင်း။

မိမိတို့နိုင်ငံသည် ယခုအချိန်တွင် လယ်ယာစိုက်ပျိုးရေးကို အခြေခံ၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေရသေးသည့်အလျောက် လယ်ယာထွက်ကုန်ပမာဏ မြင့်မားသော ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်းတို့ကဲ့သို့ ဒေသများတွင် လယ်ယာထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်ရပ်လုံးကို အရည်အသွေးအရရော အရေအတွက်အရပါ ပိုမိုတိုးတက်မြင့်မားလာစေရန် သက်ဆိုင်ရာဌာနများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ သို့မှသာ စီးပွားရေး ဖွံ့ဖြိုးမှုရှိမည်သော ဒေသတစ်ခုဖြစ်လာမှာ ဖြစ်ကြောင်း။

အခြေခံကောင်းများဖြစ်ထွန်း

ထို့အပြင် အမျိုးသားပညာရည်မြင့်မားရေးအတွက် ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန် မအူပင်၊ ဟင်္သာတ၊ ပုသိမ်ဒေသများ အပါအဝင် နိုင်ငံတစ်ဝန်းလုံး အထူးဖွံ့ဖြိုးရေးဒေသ (၂၄)ခု သတ်မှတ်၍ ဒေသတစ်ခုစီတွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် တစ်ခုစီနှင့် ဆေးရုံကြီးများ တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိပြီဖြစ်၍ ဒေသအတွင်း ပညာရေး၊ ကျန်းမာရေး အခြေခံကောင်းများ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ကြိုးပမ်းမြှင့်တင်

ဤကဲ့သို့ အခြေခံလိုအပ်ချက်များဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားပညာရည်မြင့်မားရေး စသည့် လုပ်ငန်းစဉ်များ အောင်မြင်စေရန် ဝိုင်းဝန်းကြိုးပမ်းမြှင့်တင် ဆောင်ရွက်သွားကြရန် ရှင်းလင်းမှာကြားသည်။

(သတင်းစဉ်)

မြစ်ရေတိုက်စားမှုမှ ကာကွယ်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဧရာဝတီမြစ်ကမ်းပါး မြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန်အတွက် GEO TUBE တပ်ဆင်ခြင်းလုပ်ငန်းနှင့် တာပေါင်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁-၇-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ ဓဇဂ္ဂသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **သမ္မဒေဿပစ္စအလုပ်ပေး** တရားတော် (ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Special Summer School -2010 Closing Ceremony New Cyber Centre)
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၃)
၈:၃၀ စိတ်ကူးတို့နှင့် အနုပညာ
၈:၄၅ ရာသီဥတုပြောင်းလဲခြင်းနှင့် ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှု
၉:၀၅ Activities in the City (အကျဉ်းဦးစီးဌာန၏ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနား)
၉:၁၅ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
၉:၂၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **နေဝင်လထွက်** ရိုက်ကွင်းအမှတ်တရ
၉:၄၀ Science for all မိုးကြိုးပစ်ခြင်းနှင့် လျှပ်စစ်အန္တရာယ် (သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ဇင်အောင်)
၁၀:၁၅ စိုက်ပျိုးစွမ်းအား မြင့်မားစေတာ ကဥ္စနကျွန်းသာ
၁၀:၃၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၀:၅၅ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ ဒို့အတူ (လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း)
၁၁:၀၅ အားမာန်အပြည့်နဲ့ Ruby Land FC
၁၁:၄၅ မြန်မာစာ၊ မြန်မာစကား
၁၂:၀၀ ဈေးဝယ်လမ်းညွှန် (သိင်္ဂီရွှေဝါပိုးထည်)
၁၂:၃၅ မျှော်လင့်ခြင်းခရီးစဉ်ဖြစ်ရုပ်မှန် (၃) (အူမကြီးနှင့် အစာဟောင်းအိမ်ကင်ဆာ)
၁:၀၀ **သမ္မဒေဿပစ္စအလုပ်ပေး** တရားတော် (ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival (Romantic Couple-2)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၃)
၄:၀၅ စိုက်ပျိုးစွမ်းအားမြင့်မားစေတာ ကဥ္စနကျွန်းသာ
၄:၂၀ ရာသီဥတုပြောင်းလဲခြင်းနှင့် ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှု
၄:၄၀ ရန်ကုန်မြင်ကွင်းကျယ် (ပန်းလှိုင် Clinic ၏Weight Reduction Centre ဖွင့်လှစ်ခြင်း အခမ်းအနား)
၄:၅၀ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
၄:၅၅ စိတ်ကူးတို့နှင့်အနုပညာ
၅:၁၅ Activities in the City (အကျဉ်းဦးစီးဌာန၏ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနား)
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ အနုပညာမိုးကောင်းကင်
၆:၄၅ ဈေးဝယ်လမ်းညွှန် (သိင်္ဂီရွှေဝါပိုးထည်)
၇:၁၅ Fashion Music Festival (Romantic Couple-2)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ဂီတသရုပ်ပြခန်း (ယုဇနေ Selection)
၉:၀၀ အားမာန်အပြည့်နဲ့ Ruby Land FC
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၃)
၁၀:၀၀ မျှော်လင့်ခြင်းခရီးစဉ်ဖြစ်ရုပ်မှန် (၃) (အူမကြီးနှင့် အစာဟောင်းအိမ်ကင်ဆာ)
၁၀:၂၀ Sports World
၁၀:၄၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **နေဝင်လထွက်**ရိုက်ကွင်းအမှတ်တရ
၁၁:၀၅ ရန်ကုန်မြင်ကွင်းကျယ် (Special Summer School -2010 Closing Ceremony New Cyber Centre)
၁၁:၂၀ အနုပညာမိုးကောင်းကင်
၁၁:၅၀ ရန်ကုန်မြင်ကွင်းကျယ် (ပန်းလှိုင် Clinic ၏Weight Reduction Centre ဖွင့်လှစ်ခြင်း အခမ်းအနား)
၁၂:၀၀ ဂီတသရုပ်ပြခန်း (ယုဇနေ Selection)
၁၂:၂၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား

၁-၇-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၅ ၄။ သံသာချိုအေးမင်္ဂလာတေး
၈:၁၀ ၅။ အကပဒေသာ
၈:၂၀ ၆။ တက္ကစီမီတာ သင်လိုရာ

Golf Masters Ma…
Readers Tournam…
ဂေါက်သီးရိုက်ပြိုင်ပွဲ …

ရန်ကုန် ဇွန် ၃၀

HAN Golf Masters Pte. Ltd., က … Masters Magazine စာဖတ်ပရိသတ်များအ… အားဖြင့် Golf Masters Magazine Readers … ရိုက်ပြိုင်ပွဲကို ဇူလိုင် ၁၁ရက်တွင် မန္တလေ… ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်…

အဆိုပါပြိုင်ပွဲသို့ Golf Masters Maga… ကြေးပေးသွင်း ဝယ်ယူဖတ်ရှုသူ မည်သူမဆို ဝင်… ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသ… သည် ဇူလိုင် ၉ရက်နောက်ဆုံးထား၍ ၂၀၁၀ခု… ဇူလိုင်လထုတ် Golf Masters Magazine တွ… ပုံစံ၌ ရေးသွင်း၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ… လှေကျင်ရေးကွင်း ဥက္ကလာလမ်းနှင့် လေဆိပ်… တွင်းလမ်း ဖုန်း-၀၁-၆၅၁၃၇၄၊ ၀၉-၂၀၃၇… HAN Golf Masters Pro Shop မန္တလေ… ၀၂-၉၁၀၀၀၁၂၅၊ ၀၉-၂၀၁၇၆၃၉နှင့် ၀၉-… ပေးသွင်းနိုင်ကြကြောင်း သတင်းရရှိသည်။

မြန်မာအသင်းများနှင့် ချစ်ကြည်ရေးခြေစမ်းပွဲ ကစားမည့် စင်ကာပူ Asian Games Team ရောက်ရှိ

ရန်ကုန် ဇွန် ၃၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဖိတ်ကြားချက်အရ မြန်မာယူ-၂၃ အသင်း၊ မြန်မာ့လက်ရွေးစင်အသင်းတို့နှင့် ချစ်ကြည်ရေး ခြေစမ်းပွဲများကစားရန် စင်ကာပူနိုင်ငံမှ Asian Games Team ပြိုင်ပွဲဝင်မည့် ဘောလုံးအသင်းသည် ဇွန် ၃၀ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(အပေါ်ပုံ)

ကျင်းပမည်

မြန်မာအသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲကစားမည့် ပြိုင်ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၁ရက် **(ယနေ့)** မွန်းလွဲ ၁နာရီတွင် Traders Hotel ၌ ကျင်းပမည်ဖြစ်သည်။

စင်ကာပူ Asian Games Team အသင်းကို စင်ကာပူ လက်ရွေးစင်အသင်းနည်းပြ အာဘရာမိုဗစ်က ဦးဆောင်ခဲ့ပြီး နည်းပြအဖွဲ့ဝင် ရှစ်ဦး၊ ကစားသမား ၂၂ဦး စုစုပေါင်း အဖွဲ့ဝင် ၃၀ပါဝင်လာခဲ့ရာ Traders Hotel ၌ တည်းခိုမည်ဖြစ်သည်။

ခြေစမ်းကစားမည်

ပထမခြေစမ်းပွဲအဖြစ် ဇူလိုင် ၂ရက် ညနေ ၃နာရီခွဲတွင် သုဝဏ္ဏဘောလုံးကွင်း၌ မြန်မာယူ-၂၃ အသင်းနှင့် လည်းကောင်း၊ ဇူလိုင် ၄ရက် ညနေ ၃နာရီခွဲတွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။

ပံ့ပိုးပေးထား

အဆိုပါ ခြေစမ်းပွဲကို ကွင်းဝင်ကြေးအဖြစ် အထူးတန်း ငွေကျပ် ၁၀၀၀၊ ရိုးရိုးတန်း ငွေကျပ် ၅၀၀ သတ်မှတ်ထားကြောင်းနှင့် ယင်းခြေစမ်းပွဲ နှစ်ပွဲအတွက် Blue Mountain က အဓိက ပံ့ပိုးပေးထားပြီး Canon က Co-sponsor အဖြစ် ပံ့ပိုးပေးထားသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁-၇-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၅ ၄။ သံသာချိုအေးမင်္ဂလာတေး
၈:၁၀ ၅။ အကပဒေသာ
၈:၂၀ ၆။ တက္ကစီမီတာ သင်လိုရာ
၈:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၄၀ ၈။ International News
၈:၄၅ ၉။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄:၂၀ ၃။ အတီးပြိုင်ပွဲ
၄:၂၅ ၄။ တေးဂီတအစီအစဉ်
၄:၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အထူးပြုများ အားလုံး) (အင်္ဂလိပ်စာ)
၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀ ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅:၁၀ ၈။ အရေးပြိုင်ပွဲ
၅:၁၅ ၉။ **အဆုံးအဖြတ်**
၅:၃၀ ၁၀။ တေးဂီတအစီအစဉ်
၅:၄၀ ၁၁။ ကမ္ဘာ့ဖလားပုံရိပ်များ (အပိုင်း-၈)
၅:၄၅ ၁၂။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀ ၁၃။ ညနေခင်းသတင်း
၆:၁၅ ၁၄။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၅။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၁၂) ငြိမ်းချမ်း၊ သူရလင်း၊ စုပုံချစ် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၃၅ ၁၆။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇:၀၀ ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသော ချစ်နှင်းဆီ** (ဒုတိယပိုင်း) (အပိုင်း-၁၂)
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **ဘဝကိုယ်စီ အလှကိုယ်စီ** ဝင်းဝင်းအောင်(မြို့မ)၊ သရုပ်ဆောင်-ပပဝင်းခင် တေးရေး-ကိုရွှန်းမြင့်(မြို့မ)
၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ** (ဇာတ်သိမ်းပိုင်း)
၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၅၆)
၂၄။ အစီအစဉ်ပြီး၏။

Golf Masters Magazine Readers Tournament 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၃၀

HAN Golf Masters Pte. Ltd., က စီစဉ်ထုတ်ဝေသည့် Golf Masters Magazine စာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် Golf Masters Magazine Readers Tournament ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၁၁ရက်တွင် မန္တလေးမြို့ရှိ ရေတံခွန်တောင် ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲသို့ Golf Masters Magazine ကို လပေး၊ နှစ်စဉ်ကြေးပေးသွင်း ဝယ်ယူဖတ်ရှုသူ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဇူလိုင် ၉ရက်နောက်ဆုံးထား၍ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ၊ မတ်နှင့် ဇူလိုင်လထုတ် Golf Masters Magazine တွင် ပါရှိသော ပြိုင်ပွဲဝင်ခွင့်ပုံစံ၌ ရေးသွင်း၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့် ကျောက်ရေတွင်းလမ်း ဖုန်း-၀၁-၆၅၁၃၇၄၊ ၀၉-၂၀၃၇၆၇၁နှင့် Asia Center, HAN Golf Masters Pro Shop မန္တလေးမြို့ ဖုန်း-၀၂-၆၄၅၈၃၊ ၀၂-၉၁၀၀၀၁၂၅၊ ၀၉-၂၀၁၇၆၁၃၉နှင့် ၀၉-၆၈၀၄၀၁၅တို့သို့ စာရင်းပေးသွင်းနိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်း

မန္တလေး ဇွန် ၃၀

ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများနှင့် စာသင်ခုံများ လှူဒါန်းပွဲအခမ်းအနားကို အောင်မြေသာစံမြို့နယ် အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်း ဌေးသန်းမြင့်ခန်းမ၌ ဇွန် ၂၁ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်လတ်တို့က အမှာစကား ပြောကြားကြသည်။

ပေးအပ်လှူဒါန်း

အစီအစဉ်အရ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက်ရှိ အထက (၂၁)၊ အမက(၁၂)၊ (၃၇)၊ (၃၈)၊ (၄၀) ဥသျှစ်ကုန်းပညာရေးကျောင်းတို့မှ ကျောင်းနေခက်ခဲသော မူလတန်းကျောင်းသား ကျောင်းသူ ၁၁၅ဦးအတွက် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံ၊ ဖိနပ်၊ ကျောင်းစာသင်ခုံတို့ကို ပေးအပ်လှူဒါန်းသည်။

ရှင်းလင်းပြောကြား

ထို့နောက် မောင်မောင်စီ(စည်သူမြန်မာ)၊ ပညာရေးဖောင်ဒေးရှင်း ပညာဒါန အလှူရှင်ဒေါ်စန်းစန်းဦးနှင့် စိန်ဖြိုးပဲခွဲစက်မိသားစုတို့က ပညာရေးအတွက် ငွေကျပ်သုံးသိန်းနှင့် ရပ်ကွက်မီးသတ်တပ်ဖွဲ့ဝင်များအတွက် ရေအေးစက်တစ်လုံးတို့ကို ပေးအပ်လှူဒါန်း **(အပေါ်ဝဲပုံ)**ပြီး အလှူရှင်များကိုယ်စား ရပ်မိရပ်ဖ ဦးကျော်ဌေးက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ (၁၁၁)

ဗန်းမော်စည်ပင် ကျေးလက် သောက်သုံးရေရရှိရေး ကွင်းဆင်းဆောင်ရွက်

ဗန်းမော် ဇွန် ၃၀

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၂၂ရက်က မံခွန်ကျေးရွာတွင် စက်ရေတွင်းနှင့် ရေစက်ရုံ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို အငယ်တန်း အင်ဂျင်နီယာ(၂) ဦးထွန်းလတ်မောင်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

❒ *ကျောဖုံးမှ*

ကျည်အိမ်တစ်ခုဖြင့်လည်းကောင်း၊ အက်စ်အက်စ်အေ(ရွက်ဆစ်) တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား ခွန်တလွန်း(ခ) သူရိန်သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည် ၂၆တောင့်ဖြင့်လည်းကောင်း။

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် အောဘီအက်စ်ဒီအက်ဖ် တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဒုဗိုလ်အဆင့်ရှိ ကိုကျော်(ခ) သိန်းနိုင်သည်လည်းကောင်း၊ မွန်ခွဲထွက်အဖွဲ့မှ တပ်ကြပ်ကြီးဝင်းအေးသည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည် ၉၇တောင့်၊ ကျည်အိမ်နှစ်ခုဖြင့်လည်းကောင်း။

လဲလှယ်ဝင်ရောက်

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ပါလီမန်ဒီမိုကရေစီပါတီ (ပီဒီပီ) တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဒုတပ်ရင်းမှူးအဆင့်ရှိ ထွန်းထွန်းဇော်(ခ) ဇော်ကြီးသည် ပွိုင့်-၃၆ ရိုင်ဖယ် တစ်လက်၊ ပွိုင့်-၂၂ ရိုင်ဖယ် တစ်လက်၊ ကျည်မျိုးစုံ ၁၀၆တောင့်ဖြင့်လည်းကောင်း၊ အောဘီအက်စ်ဒီအက်ဖ် တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သားစိုးဝေ(ခ) အောင်ကျော်ဌေးသည် ၉-မမပစ္စတိုတစ်လက်၊ ကျည် ခုနစ်တောင့်၊ ကျည်အိမ် တစ်ခုဖြင့်လည်းကောင်း။

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အေအယ်လ်ပီ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား ကျော်သန်း(ခ) ဦးသာထွီးအောင်သည် လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သားစောဖိုးသာထူးသည်လည်းကောင်း အသီးသီးလက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

လှိုက်လှဲစွာကြိုဆို

အဆိုပါကာလအတွင်း လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ စုစုပေါင်း ၁၂ဦးတို့အား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုကြပြီး လိုအပ်သည်များ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ကျန်ရှိနေသေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိုလံပစ်နေ့ အထိမ်းအမှတ် မြန်မာအမျိုးသမီး လက်ရွေးစင်နှစ်သင်း အထူးခြေစမ်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၃၀

အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီး နှစ်သင်း၏ အထူးခြေစမ်းပွဲကို ဇွန် ၃၀ရက် ညနေ ၄နာရီတွင် စမ်းချောင်း ပဒုမ္မာကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာအမျိုးသမီး အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ချီးမြှင့်သည်။

ချီးမြှင့်

ညနေ ၄နာရီတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နှစ်သင်း၏ အထူးခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ အနီရောင်အသင်းက အဖြူရောင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပွဲအပြီးတွင် အနိုင်ရရှိသော အနီရောင်အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ကိုယ်စား အမှုဆောင်အရာရှိချုပ် ဦးသန်းဇော်က ဆုငွေကျပ်နှစ်သိန်း ချီးမြှင့်ပြီး အဖြူရောင်အသင်းကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံး ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါ်မြတ်မြတ်ဦးက ငွေကျပ်တစ်သိန်း ချီးမြှင့်သည်။

(ယာပုံ) (မြန်မာ့အလင်း)

Star Resources က သင်တန်းအတွက် အခမဲ့ဆောင်ရွက်ပေး

နေပြည်တော် ဇွန် ၃၀

Star Resources Hospitality Management Academy က အင်္ဂလန်နိုင်ငံရှိ London Hotel School College ၌ Hospitality Management Diploma ဘာသာရပ်များကို ၂၀၁၀ခုနှစ် ဩဂုတ်သင်တန်းပတ်တွင် လေ့လာလိုသူများအတွက် ဝန်ဆောင်ခမယူဘဲ အခမဲ့ဆောင်ရွက်ပေးနေပြီ ဖြစ်သည်။ သင်တန်းကာလမှာ နှစ်နှစ်ကြာမြင့်မည်ဖြစ်သည်။ ပထမနှစ် သင်တန်းအချိန်မှာ နံနက်ပိုင်းနှင့် ညနေပိုင်း နှစ်မျိုးဖြစ်ပြီး မိမိအဆင်ပြေသော တန်းစဉ်တွင် တက်ရောက်နိုင်သည်။

ဆက်သွယ်စုံစမ်း

စိတ်ပါဝင်စားသူများ အနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း (၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း- ၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉-၅၀-၂၀၃၀၂တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မိုးစပါးစိုက်ပျိုးငွေ ထုတ်ချေး

နေပြည်တော် ဇွန် ၃၀

နေပြည်တော်တပ်ကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (တပ်ကုန်းဘဏ်ခွဲ)မှ နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်း ကျေးရွာအုပ်စု ၄၅အုပ်စုအတွက် ၂၀၁၀ခုနှစ် မိုးစပါးစိုက်ပျိုးရေး ဘဏ်ချေးငွေများအား ယခုနှစ် ဧပြီ ၂၈ရက်မှစတင်၍ ထုတ်ချေးပေးခဲ့ရာ မြို့နယ်မန်နေဂျာ ဦးအောင်ကျော်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာအုပ်စု ၄၅အုပ်စုမှ တောင်သူလယ်သမား ၆၆၈၃ဦးအတွက် မိုးစပါးစိုက်ဧက ၃၂၁၉၅ဧကနှင့် ဝါဧက ၁၅၆၀ အတွက် ချေးငွေကျပ် ၆၅၉၅သိန်းကို ထုတ်ချေးပေးပြီး ဖြစ်ကြောင်း သိရသည်။ (၀၉၁)

တောင်ပိုင်းဒေသများ၌ မိုးပိုလာဖွယ်

နေပြည်တော် ဇွန် ၃၀

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ခန္တီးမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ သံတောင်ကြီးမြို့တွင် ၃ ဒသမ ၆၃ လက်မ၊ ပြည်မြို့တွင် ၃ ဒသမ ၁၉ လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ကျောက်ဖြူမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ပူတာအိုမြို့နှင့် ရွှေကျင်မြို့တို့တွင် ၁ဒသမ ၆၅ လက်မစီနှင့် ပဲခူးမြို့တွင် ၁ ဒသမ ၆၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၁ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။



ရေးခြေစမ်းပွဲ ကစားမည့် ...s Team ရောက်ရှိ

...ဝ

...ည်းပြအဖွဲ့ဝင် ရှစ်ဦး၊ ကစားသမား ၂၂ဦး စုစုပေါင်း ...၃၀ပါဝင်လာခဲ့ရာ Traders Hotel ၌ တည်းခိုမည် ...ည်။

ခြေစမ်းကစားမည်

...ဏာမခြေစမ်းပွဲအဖြစ် ဇူလိုင် ၂ရက် ညနေ ၃နာရီခွဲ ...ဝဏ္ဏာဘောလုံးကွင်း၌ မြန်မာယူ-၂၃ အသင်းနှင့် ...ကာင်း၊ ဇူလိုင် ၄ရက် ညနေ ၃နာရီခွဲတွင် မြန်မာ့ ...ရွေးစင်အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။

ပံ့ပိုးပေးထား

...ဆိုပါ ခြေစမ်းပွဲကို ကွင်းဝင်ကြေးအဖြစ် အထူးတန်း ... ၁၀၀၀၊ ရိုးရိုးတန်း ငွေကျပ် ၅၀၀ သတ်မှတ် ...ကြောင်းနှင့် ယင်းခြေစမ်းပွဲ နှစ်ပွဲအတွက် Blue ...tain က အဓိက ပံ့ပိုးပေးထားပြီး Canon က ...onsor အဖြစ် ပံ့ပိုးပေးထားသည်။

(မြန်မာ့အလင်း)

လူကုန်ကူးမှုတိုက်ဖျက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး

မျိုးလေး

လူကုန်ကူးခြင်းဆိုတာ ရှေးရာစုနှစ်များစွာကပင် ကမ္ဘာတစ်ဝန်းမှာ ရှိခဲ့တဲ့ ဖြစ်စဉ်တစ်ခုဖြစ်ပြီး **ကျေးကျွန်စနစ်**အဖြစ် ခေါ်ဝေါ်သုံးစွဲခဲ့ကြပါတယ်။ ရိုးရှင်းစွာပြောရမယ်ဆိုရင်တော့ လူသားစစ်စစ်ကို ကုန်ပစ္စည်းသဖွယ် ရောင်းချခဲ့ကြတဲ့ ဖြစ်စဉ်ကြီးပါပဲ။ ဒီစနစ်ဆိုးကြီးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀ကျော်လောက်မှာ ပျောက်ကွယ်သွားခဲ့ပြီး **ခေတ်သစ်ကျေးကျွန်စနစ်**လို့ ပြောလို့ရတဲ့ **လူကုန်ကူးမှု** ဖြစ်စဉ်ကြီးအဖြစ် ၁၉၉၀ ပြည့်နှစ်လောက်ကစလို့ တစ်ဖန်ပြန်လည် ပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။

လူကုန်ကူးခြင်းလုပ်ငန်းဟာ အရင်းအနှီးနည်းပါးပြီး အမြတ်အစွန်းကြီးမားလှတဲ့အပြင် ယနေ့ကမ္ဘာမှာ လျင်မြန်စွာတိုးတက်နေတဲ့ ဆက်သွယ်ရေးနည်းပညာများကို အလွဲအသုံးချပြီး ကျူးလွန်နိုင်တဲ့ အားသာချက်တွေကြောင့် လူသားအချင်းချင်း ရက်စက်စွာ ကျူးလွန်နေကြတဲ့ လူကုန်ကူးမှုပြဿနာဟာ ကမ္ဘာနဲ့အဝန်း လျင်မြန်စွာ ကြီးထွားပျံ့နှံ့ခဲ့ရတာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာရှိကြတဲ့ ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲနဲ့ မဖွံ့ဖြိုးသေးတဲ့နိုင်ငံအသီးသီးဟာ ဒီပြဿနာကို ရင်ဆိုင်နေကြရပါတယ်။ လူကုန်ကူးမှုရဲ့ သဘောသဘာဝက လျှို့ဝှက်ပြီး ကျူးလွန်ကြတာဖြစ်လို့ လူကုန်ကူးခံရသူအရေအတွက်ကို အတိအကျ စာရင်းကောက်ယူဖို့ခက်ခဲပေမယ့် နှစ်စဉ် လူတစ်သန်းမှ နှစ်သန်းခန့်အတွင်း လူကုန်ကူးခံနေရကြောင်း သုတေသီများရဲ့ လေ့လာချက်တွေအရ သိရှိရပါတယ်။

လူကုန်ကူးခြင်းဖြစ်စဉ်တွေကို လေ့လာသုံးသပ်ကြည့်တဲ့အခါ လူကုန်ကူးသူတွေ အဓိကပစ်မှတ်ထားတဲ့ လူကုန်ကူးခံရသူအများစုဟာ အမျိုးသမီးနဲ့ ကလေးသူငယ်တွေဖြစ်တာကို တွေ့ရပါတယ်။ အမျိုးသမီးများနဲ့ ကလေးသူငယ်များဟာ ခြိမ်းခြောက်ဖို့၊ အင်အားသုံးဖို့၊ အတင်းအကျပ်ပြုဖို့၊ သွေးဆောင်ဖြားယောင်းဖို့လွယ်ကူသလို ရပ်တည်ရန်ခက်ခဲတဲ့အခြေအနေကို ကျရောက်ဖို့လည်း လွယ်ကူတဲ့သူတွေဖြစ်ပါတယ်။ ဒါ့အပြင် အမျိုးသမီးနဲ့ ကလေးသူငယ်တွေဟာ ဆုံးဖြတ်ချက်ပေးနိုင်တဲ့စွမ်းအားလည်း နည်းပါးတတ်တဲ့အတွက် လူကုန်ကူးသူတွေရဲ့ သားကောင်အဖြစ် ပစ်မှတ်ထားခံကြရတာ ဖြစ်ပါတယ်။

နောက်အခြေအနေတစ်ခုကတော့ လူကုန်ကူးမှုဖြစ်စဉ်တွေကို ကြည့်တဲ့အခါ အမျိုးသမီးတွေကို ပြည့်တန်ဆာအဖြစ်ခိုင်းစေဖို့ ရောင်းစားတာတွေ၊ ဇနီးမယားအဖြစ်အမည်ခံပြီး ကျေးကျွန်သဖွယ်ခိုင်းစေတာတွေ၊ ကလေးသူငယ်တွေကို ညစ်ညမ်းပုံရိုက်ကူးမှုအပါအဝင် လိင်ပိုင်းဆိုင်ရာဖျော်ဖြေမှု၊ အလွဲသုံးမှုတွေ၊ ကလေးသူငယ်တွေကို အမည်ခံမွေးစားပြီး ခေါင်းပုံဖြတ်မှု အမျိုးမျိုးလုပ်တာတွေ၊ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူရောင်းချတာတွေအပြင် အမျိုးသမီးနဲ့ ကလေးသူငယ်တွေကို တောင်းရမ်းစားသောက်သူများဘဝ ကျရောက်အောင် ခိုင်းစေကြတဲ့ဖြစ်စဉ်တွေကြောင့် အမျိုးသမီးနဲ့ကလေးသူငယ်တွေဟာ လူကုန်ကူးမှုရဲ့ သားကောင်ဘဝကို အများဆုံး ကျရောက်ကြရတာလို့ သုံးသပ်မိပါတယ်။ ပင်ပန်းစွာ အလုပ်ခိုင်းစေတဲ့ စက်ရုံ၊ အလုပ်ရုံနဲ့ အလုပ်စခန်းတွေမှာ ရောင်းစားခံရပြီး လုပ်အားခတွေကို ခေါင်းပုံဖြတ်ခံရတဲ့အပြင် အလုပ်ရှင်ရဲ့ ညှဉ်းပန်းနှိပ်စက်မှုတွေကိုပါ ခံကြရတဲ့ ဖြစ်စဉ်တွေမှာတော့ အမျိုးသမီးနဲ့ ကလေးသူငယ်များသာမက အမျိုးသားများပါ လူကုန်ကူးမှု သားကောင်အဖြစ် ကျရောက်တတ်ကြတာကိုလည်း တွေ့ရပါတယ်။

လူကုန်ကူးမှုဖြစ်စဉ်အတွင်း ကျရောက်စေတဲ့ **တွန်းအား**တွေ၊ **ဆွဲအား**တွေ လေ့လာကြည့်တဲ့အခါ လက်ရှိဝင်ငွေထက် ပိုရလိုခြင်း၊ မိဘ၊ မိသားစုကို ပိုမိုထောက်ပံ့ပေးလိုခြင်း၊ ပညာရေးနိမ့်ကျပြီး စူးစမ်းဆင်ခြင်စိတ်နည်းပါးခြင်း၊ သူတစ်ပါးကို ယုံလွယ်ခြင်း၊ သတင်းအချက်အလက် အပြည့်အဝမရရှိခြင်းတွေဟာ တွန်းအားတွေဖြစ်ကြပြီး တစ်ဖက်နိုင်ငံမှာ အလုပ်သွားလုပ်ရင် အလုပ်အကိုင်အခွင့်အလမ်းကောင်းမယ်၊ ဝင်ငွေပိုရမယ်ဆိုတဲ့ မက်လုံးပေးမှုကို ယုံကြည်ခြင်း၊ အချို့သော လူနည်းစု အဆင်ပြေသူများကို တွေ့မြင်အားကျခြင်းတွေဟာ ဆွဲအားတွေ ဖြစ်ကြပါတယ်။ ဒီတွန်းအားတွေ၊ ဆွဲအားတွေကြောင့်ပဲ လူကုန်ကူးမှုဖြစ်စဉ်တွေအတွင်း အလွယ်တကူ ကျရောက်ခဲ့ကြရတာဖြစ်ပါတယ်။

အဲဒီဖြစ်စဉ်အတွင်းမှာ လူကုန်ကူးခံရသူတွေဟာ မိမိတို့ လုပ်ကိုင်ရမယ့် လုပ်ငန်းခွင်အကြောင်း သတင်းအမှားများကို လက်ခံရရှိခြင်း၊ မမှန်ကန်တဲ့ ကတိများကို လက်ခံရရှိခြင်း၊ ခရီးဆုံးနေရာကို အသိမပေးဘဲ နိုင်ငံကူးလက်မှတ်နဲ့ အခြားအရေးကြီးတဲ့ စာရွက်စာတမ်းတွေကို လူကုန်ကူးသူတွေက ထိန်းချုပ်ကိုင်ဆောင်ထားခြင်း၊ နိုင်ငံကူးလက်မှတ်အပါအဝင် ခရီးသွားလာမှုဆိုင်ရာ စာရွက်စာတမ်းအတုများ ကိုင်ဆောင်သွားလာစေခြင်း စတာတွေကိုလည်း ကြုံတွေ့ကြရနိုင်ပါတယ်။ အခြားနိုင်ငံတစ်ခုကို ဖြတ်ကျော်ပြီး လူကုန်ကူးခံရသူတွေဟာ ဘာသာစကား အခက်အခဲကြောင့် အကူအညီတောင်းခံလို့ မရနိုင်ဘဲ ဒုက္ခနွံထဲကို သက်ဆင်းကြရပါတယ်။

လူကုန်ကူးမှုရဲ့ ဆိုးရွားလှတဲ့ အကျိုးဆက်တွေဟာ လူသားတွေကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေဖြစ်ပေါ်စေရုံသာမက တစ်ခါတစ်ရံမှာ အသက်အန္တရာယ် ထိခိုက်ဆုံးရှုံးရတဲ့အထိ ကြုံတွေ့ကြရတာမို့ ဒီအန္တရာယ်ဆိုးကြီးကနေ ကာကွယ်တိုက်ဖျက်ဖို့ နိုင်ငံတွေရဲ့အစိုးရအသီးသီးက ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။

မြန်မာနိုင်ငံအနေနဲ့လည်း လူကုန်ကူးမှုဟာ မြန်မာလူမျိုးများ တန်ဖိုးထားစောင့်ရှောက်အပ်တဲ့ အမျိုးအနွယ်စောင့်ထိန်းမှုကို ပျက်ပြားစေပြီး အမျိုးသားရေးဂုဏ်သိက္ခာ ထိပါးကျဆင်းစေတယ်လို့ ခံယူကြတဲ့အတွက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် မူဝါဒချမှတ်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်တာနဲ့အညီ အပြည်ပြည်ဆိုင်ရာလူ့အဖွဲ့အစည်းအတွင်း တာဝန်သိသော နိုင်ငံတစ်ခုအဖြစ် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များမှာ နီးကြားတက်ကြွစွာ ပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာပြဿနာများအပေါ် စိတ်ပါဝင်စားမှု၊ လေးစားမှုနဲ့ သန္နိဋ္ဌာန်ချမှုတို့အရ လူကုန်ကူးမှု အပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများနဲ့သက်ဆိုင်တဲ့ နိုင်ငံဖြတ်ကျော် မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနဲ့ နောက်ဆက်တွဲစာချုပ်တွေဖြစ်တဲ့ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ်၊ လူမှောင်ခိုမှုတိုက်ဖျက်ရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ်တွေမှာလည်း အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၀၄ခုနှစ် မတ်လ ၃၀ ရက်နေ့က ပါဝင်ခဲ့ပြီးဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများ မည်မျှပင်ရှိစေကာမူ လူကုန်ကူးခြင်းတိုက်ဖျက်ရာမှာ အောင်မြင်ဖို့အတွက် နိုင်ငံတော်အစိုးရများရဲ့သန္နိဋ္ဌာန်နဲ့ ကြိုးပမ်းဆောင်ရွက်မှုအပေါ် အဓိကမူတည်နေတာဖြစ်တဲ့အတွက် ၂၀၀၅ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့မှာပြဋ္ဌာန်းခဲ့တဲ့ **လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေ**ဟာ နိုင်ငံတော်အစိုးရရဲ့ လူကုန်ကူးမှုတိုက်ဖျက်ရန် ခိုင်မာတဲ့သန္နိဋ္ဌာန်အရ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနဲ့ ကိုက်ညီတဲ့ ဥပဒေတစ်ရပ်ဖြစ်ပါတယ်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ဟာ လူကုန်ကူးမှု ကိစ္စရပ်များ မဖြစ်ပွားရအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာနဲ့ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် တွန်းအားတစ်ရပ်ဖြစ်သလို လူကုန်ကူးခြင်းခံရတဲ့အမျိုးသမီးများနဲ့ ကလေးသူငယ်များကို အထူးကာကွယ်စောင့်ရှောက်ပေးဖို့ လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးနိုင်တဲ့ ယန္တရားတစ်ခုလည်းဖြစ်ပါတယ်။ ထို့အတူပဲ လူကုန်ကူးမှုကျူးလွန်ကြတဲ့သူများကို ထိထိရောက်ရောက် အရေးယူအပြစ်ပေးနိုင်တဲ့ လက်နက်ကိရိယာတစ်ခုလည်း ဖြစ်ပါတယ်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းတွေကို နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုအောက်မှာ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ လူမှုရေးအဖွဲ့အစည်းများကလည်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းနဲ့သက်ဆိုင်တဲ့ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းများကလည်း ကဏ္ဍအသီးသီးကနေ လိုအပ်တဲ့ ကူညီပံ့ပိုးမှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ၁၉၉၂ခုနှစ်ခန့်ကစပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့တာဖြစ်ပြီး ၁၉၉၆ခုနှစ်မှာ ဖွဲ့စည်းခဲ့တဲ့ **မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ**နဲ့ ၂၀၀၃ ခုနှစ်မှာ ဖွဲ့စည်းခဲ့တဲ့ **မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်**တို့ဟာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရနဲ့ စဉ်ဆက်မပြတ် အတူပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါတယ်။ ကြိုတင်ကာကွယ်ရေးလုပ်ငန်းဟာ လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် အရေးကြီးတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်တာမို့ လူကုန်ကူးသူတွေရဲ့ အဓိကပစ်မှတ်ဖြစ်တဲ့ အမျိုးသမီးများနဲ့ ကလေးသူငယ်များထံ လူကုန်ကူးမှုရဲ့ သဘောသဘာဝနဲ့ နောက်ဆက်တွဲ ဆိုးကျိုးများနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်များရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရဲ့ လုပ်ငန်းအဖွဲ့တစ်ခုဖြစ်တဲ့ **အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနဲ့ ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့** နဲ့ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နဲ့ ရပ်ကွက်၊ ကျေးရွာအုပ်စု အဆင့်ဆင့်သော အမျိုးသမီးရေးရာအဖွဲ့တွေက မြို့ပြမှသည် ကျေးလက်ဒေသအထိ အမျိုးသမီးထုအတွင်း အသိပညာပေးမှုတွေကို ထိရောက်စွာ ဆောင်ရွက်ခဲ့ကြပါတယ်။ အသိပညာပေးဟောပြောပွဲများ၊ စကားဝိုင်း ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ အသိပညာပေးဗီဒီယို၊ ရုပ်မြင်သံကြားများ ပြသခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းစတဲ့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ကြပါတယ်။

လူကုန်ကူးခံရသူများဟာ လူသားများဖြစ်ကြတဲ့အတွက် လူကုန်ကူးခံရတဲ့ဖြစ်ရပ်ကြောင့် လူမှုအသိုင်းအဝိုင်း ပြင်ပကို ရောက်မသွားစေဘဲ သာမန်လူသားတစ်ယောက်အဖြစ် လူမှုအသိုင်းအဝိုင်းအတွင်းမှာ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးနိုင်ရေးကို ဦးတည်ပြီး လူကုန်ကူးခံရမှုကြောင့် ရရှိလာတဲ့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေကို ပြန်လည်ကုစားတဲ့ လုပ်ငန်းစဉ်မှာလည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြပါတယ်။ ခေါင်းပုံဖြတ်မှုပုံစံ အမျိုးမျိုးကို ကြုံတွေ့ခဲ့ရတဲ့ လူကုန်ကူးခံရသူတွေဟာ စိတ်ဓာတ်ကျခြင်း၊ ရှက်ကြောက်ခြင်း၊ မိမိကိုယ်မိမိ ယုံကြည်မှုကင်းမဲ့ပြီး အပြစ်ရှိသကဲ့သို့ ခံစားရခြင်း၊ လက်တုံ့ပြန်လိုခြင်း၊ ကလဲ့စားချေလိုခြင်းစတဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ ဖြစ်တတ်တဲ့အတွက် နှစ်သိမ့်ဆွေးနွေးမှုတွေကို စနစ်တကျ ဆောင်ရွက်ပေးတဲ့အပြင် ဘဝရပ်တည်နိုင်ရေးအတွက် ကျွမ်းကျင်မှု အခြေခံတဲ့ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးပြီး ရင်းနှီးမတည်ငွေအဖြစ် အသေးစားချေးငွေ ထုတ်ပေးတာတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လူကုန်ကူးခံရသူ အမျိုးသမီးနဲ့ ကလေးသူငယ်များကို မိဘရင်ခွင်ထဲမှာ နွေးထွေးစွာ ပြန်လည်နေထိုင်နိုင်ဖို့ နောက်ဆက်တွဲ စောင့်ရှောက်မှုတွေကိုလည်း ဆောင်ရွက်ပေးကြပါတယ်။

အမျိုးသမီးများဘဝ ဖွံ့ဖြိုးဖို့၊ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ အဟန့်အတား အနှောင့်အယှက်ဖြစ်စေတဲ့ တစ်နည်းအားဖြင့် အမျိုးသမီးများရဲ့ဘဝ လုံခြုံရေးကို ထိခိုက်စေတဲ့ **လူကုန်ကူးမှု** ကို တိုက်ဖျက်ရာမှာလည်း နိုင်ငံတော်အစိုးရနဲ့အတူ **မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်**က ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချမှတ်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရဲ့ ၂၀၀၉ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးက ချမှတ်ခဲ့တဲ့ ရှေ့လုပ်ငန်းစဉ် (၁၀)ရပ်အနက် ရှေ့လုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့ **လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ၊ ပြန်လည်ပြုစုပျိုးထောင်ရေး လုပ်ငန်းများတွင် ပြည်တွင်း ပြည်ပ NGO အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန်**ဆိုတဲ့ ရှေ့လုပ်ငန်းစဉ်နဲ့အညီ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းများကို အစဉ်အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရင်း ဇူလိုင်လ ၃ရက်နေ့မှာ ကျရောက်တဲ့ **မြန်မာအမျိုးသမီးများနေ့**ကို ဂုဏ်ပြု ကြိုဆိုလိုက်ပါတယ်။ ။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေဟာ လူကုန်ကူးမှု ကိစ္စရပ်များ မဖြစ်ပွားရအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာနဲ့ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အတွက် တွန်းအားတစ်ရပ် ဖြစ်သလို လူကုန်ကူးခြင်းခံရတဲ့ အမျိုးသမီးများနဲ့ ကလေးသူငယ်များကို အထူးကာကွယ် စောင့်ရှောက်ပေးဖို့ လက်တွေ့ကျကျ အကောင်အထည်ဖော် ပေးနိုင်တဲ့ ယန္တရားတစ်ခုလည်းဖြစ်။

ရင့်ကျူးနွယ်အာဟိန် | ကြိုးသီချင်း

၁။ မေမြန်မာ၊ ဆွေသဟာ၊ အမျိုးသမီးများ၊ အထူးဣန္ဒြေ၊
စိုးပါလို့တက်လှမ်း၊
အချိန်တွေ၊ စိန်ရွှေ၊ အမျိုးသမီးများ၊ အထူးချိန်စေ၊
ဖိုးတန်မို့ ဆက်ကမ်း။

၂။ ဘုရား၊ တရားနှင့် သံဃာရှိဦးရှိသေ၊ ဦးတင်စို့ထွတ်မှန်း၊
တရား၊ မမှားရအောင်၊ အဘိဓမ္မာ၊ သင်ကြစို့လေ၊
လှမ်းဖို့တက်နန်း။

၃။ [(ငြိမ်းချမ်း၊ ငြိမ်းချမ်း၊ ဒီပါလေ၊ ညီညာလှေ)၂ တေဇာ၊
နေဝါ၊ ဇေယျာအောင်မျှို့၊ ချီးဝှဲ၊ ရင်နွဲ့နွဲ့]၂ ။

၄။ (ရင်ထဲစဉ်မကွာ၊ ပုဗ္ဗာမိဘဆရာ၊ အစဉ်အမြဲနာခံ၊
ဆရာမိဘထံ၊ လေးစားကာကြိုးပါလို့လေး)၂
တင့်ထူး၊ ဂုဏ်ရှိန်ဝေမည်
ပွင့်ဖူးဣတ္ထိန္ဒြေ၊ ရင့်ကျူးနွယ်အာဟိန်။ ။

မူမူခင်
ကထိက(ဂီတ)(ငြိမ်း)၊ ယဉ်ကျေးမှုတက္ကသိုလ်

မဟူရာကြယ်ပွင့်တို့ ဆက်လက်လင်းလက်တောက်ပနိုင်ပါ့မလား

တောင်အမေရိကဂုဏ်ကိုဆောင်ရန် ကြိုးစားရမည့် ဥရုဂွေး

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ကိတ်ဗ်တောင်း ဇွန် ၃၀

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ရှုံးထွက်ပွဲစဉ်များပြီးဆုံးခဲ့ပြီ။ ကွာတားဖိုင်နယ်သို့တက်ရောက်လာသော အသင်းတိုင်းကား ခြေစွမ်းထက်မြက်သည့် အသင်းများချည်းဖြစ်ရာ ကွာတားဖိုင်နယ်ပွဲစဉ်တိုင်း ရင်တမမဖြင့် အားပေးရမည့်ပွဲများပင်ဖြစ်သည်။ အုပ်စုပွဲစဉ်များ၌ ခြေစွမ်းမတည်ငြိမ်ခဲ့သည့် အသင်းကြီးများလည်း ပုံမှန်ခြေပြန်ရလျက်ရှိရာ ပွဲတိုင်းခက်ခဲကျပ်တည်းသည့် ဖြတ်သန်းမှုများဖြင့် အကြိတ်အနယ် ရှန်းကန်ကြရတော့မည်ဖြစ်သည်။

ရင်ဆိုင်

ကွာတားဖိုင်နယ်ပွဲစဉ် ဒုတိယပွဲအဖြစ် ဥရုဂွေးနှင့်ဂါနာတို့ ဇူလိုင် ၃ ရက် နံနက် ၁ နာရီတွင် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့ ဆော်ကာစီးတီးကွင်း၌ ယှဉ်ပြိုင်ကြမည့် တောင်အမေရိကမှဥရုဂွေးနှင့် တောင်အာဖရိကမှဂါနာတို့ပွဲကား ပြင်းထန်မှုရှိမည်မှာ သေချာသည်။

တောင်အာဖရိကမှ ခြေစွာသော ဥရုဂွေးအသင်းကား ၁၉၃၀နှင့် ၁၉၅၀ကမ္ဘာ့ဖလားပွဲများ၌ ဖလားရရှိခဲ့ဖူးသည်။ ၁၉၇၀ ခုနှစ်က ကမ္ဘာ့ဖလားအကြိုဗိုလ်လုပွဲထိ တက်ရောက်နိုင်ခဲ့ပြီး အကြိုဗိုလ်လုပွဲ၌ ဘရာဇီးအသင်းကိုသုံးဂိုး-တစ်ဂိုးဖြင့်ရှုံးခဲ့ပြီး စတုတ္ထရရှိခဲ့သည်။ ထိုနှစ် ကမ္ဘာ့ဖလားပွဲ၌ တောင်အာဖရိကအသင်းများ အကြိုဗိုလ်လုပွဲအထိ တက်ရောက်ခဲ့ပြီးနောက် ယခုနှစ်ကမ္ဘာ့ဖလား၌ တောင်အာဖရိကအသင်းများဖြစ်သည့် ပါရာဂွေး၊ ဥရုဂွေး၊ အာဂျင်တီးနား၊ ဘရာဇီးတို့ ကွာတားဖိုင်နယ်အထိ တက်ရောက်ခဲ့ကြသည်။

ဖြတ်သန်း

ဥရုဂွေးအသင်းသည် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အုပ်စု(က)တွင်ပါဝင်ပြီး တောင်အာဖရိက၊ မက္ကဆီကို၊ ပြင်သစ်တို့နှင့်တစ်အုပ်စုတည်းကျခဲ့သည်။ အုပ်စုပွဲစဉ်များကစားခဲ့ရာတွင်ပြင်သစ်ကိုဂိုးမရှိသရေ၊ တောင်အာဖရိကကို သုံးဂိုးပြတ်အနိုင်ရပြီး မက္ကဆီကိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရကာ အုပ်စု(က)၌ ခုနစ်မှတ်ဖြင့် ထိပ်ဆုံးမှ ရှုံးထွက်အဆင့်ကို တက်ရောက်လာခြင်းဖြစ်သည်။

ရှုံးထွက်အဆင့်၌ အာရှမှ တောင်ကိုရီးယားအသင်းကိုနှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပွဲရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းခဲ့ခြင်းဖြစ်သည်။ ဥရုဂွေးတို့အုပ်စုပွဲများနှင့် ရှုံးထွက်အဆင့်ပွဲများကို ကစားရာတွင် သွင်းဂိုးခြောက်ဂိုး၊ ပေးဂိုးတစ်ဂိုးသာရှိခဲ့ရာ တိုက်စစ်၊ ခံစစ်မျှသောအသင်းလည်း ဖြစ်သည်။

အဆာမိုဂျန် ဥရုဂွေးကို ဘယ်လိုဂိုးသွင်းမလဲ။

ဂိုးသွင်းမှု

ဥရုဂွေးအသင်း တိုက်စစ်တွင်ဂိုးသွင်းသေချာသော ဒီဂိုဖော်လန်၊ ဆွာရက်ဇ်တို့ရှိနေသည်။ ဆွာရက်ဇ်က ယခုအချိန်အထိ သုံးဂိုး သွင်းထားသလို ဖော်လန်ကလည်း နှစ်ဂိုးသွင်းထားနိုင်သည်။ ဥရုဂွေးတိုက်စစ်ထက်မြက်သလို ခံစစ်ပိုင်းတွင်လည်း လုံအောင် ကာကွယ်နိုင်သည်။ ဥရုဂွေးနောက်တန်းက အုပ်စုပွဲများအတွင်း တစ်ဂိုးမျှမပေးခဲ့ရချေ။ရှုံးထွက်အဆင့်၌ တောင်ကိုရီးယားတို့ သွင်းယူခဲ့သည့် တစ်ဂိုးသာ ပေးခဲ့ရခြင်းဖြစ်သည်။

ဒဏ်ရာရရှိ

ဥရုဂွေးအသင်း ဗဟိုခံစစ်မှူး ဂိုဒင်မှာ ပေါင်ကြောဒဏ်ရာရရှိနေသဖြင့် ကွာတားဖိုင်နယ်ပွဲစဉ်၌ ပါဝင်ရန် မသေချာပေ။ ဂိုဒင်မှာ တောင်ကိုရီးယားနှင့် ရှုံးထွက်ပွဲစဉ်၌ ယင်းဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ဖူစီလီ၊ လူဂါနို၊ ဗစ်တိုရီနိုတို့လည်း ပါဝင်ရန် သေချာမှုမရှိသဖြင့် ဥရုဂွေးတို့ မည်သို့အခင်းအကျင်းဖြင့် ပွဲထွက်လာမည်မှာ စိတ်ဝင်စားစရာပင်ဖြစ်သည်။

ဥရုဂွေးတိုက်စစ်တွင် ဖော်လန်နှင့် ဆွာရက်ဇ်တို့က ဂါနာနောက်တန်းကို ဝှံ့ဝှံ့စားစား ထိုးဖောက်နိုင်သူများဖြစ်ပြီး အခွင့်အရေးရပါက ဂိုးရအောင်သွင်းယူနိုင်သူများ ဖြစ်သည်။ ထို့အပြင် ကာဗာနီနှင့် ပီရက်ဇ်တို့ကလည်းကွင်းလယ်နှင့်တိုက်စစ်ကို အားဖြည့်နိုင်ကြသူများဖြစ်ရာ ဥရုဂွေးတိုက်စစ်ကား အင်အားအပြည့်တော့ရှိနေသည်။ အသင်းကစားအားကောင်းမှုနှင့် အဆုံးသတ်သေချာမှုတို့၌ ဥရုဂွေးတို့က အကောင်းဆုံးအနေအထားသို့ ရောက်ရှိနေရာ ဂါနာကိုကျော်ဖြတ်နိုင်ရေး၌ အားသာချက်ရှိနေသည်မှာ အမှန်ပင်....။

ဥရုဂွေးအတွက် နိုင်ပွဲရလဒ်ကို ဆွာရက်ဇ် စွမ်းဆောင်ပေးမှာလား။

အာဖရိကတိုက်၌ ကျင်းပသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ကွာတားဖိုင်နယ်သို့ တစ်သင်းတည်း တက်ရောက်လာသည့် ဂါနာအသင်းတို့ ယခုပွဲ၌ဥရုဂွေးကို မလျှော့တမ်း တိုက်စစ်ဖွင့်ကစားမည်ဖြစ်သည်။ မဟူရာကြယ်ပွင့်တို့ကား ယခုနှစ် ကမ္ဘာ့ဖလား၌ အုပ်စု(ဃ)တွင်ပါဝင်ခဲ့ပြီး ဂျာမနီ၊ သြစတြေးလျ၊ ဆားဘီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျခဲ့သည်။ အုပ်စုပွဲများ ကစားခဲ့ရာတွင် ဆားဘီးယားကို တစ်ဂိုး-ဂိုးမရှိနိုင်ပြီး သြစတြေးလျကို တစ်ဂိုးစီသရေ၊ ဂျာမနီကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးကာ အုပ်စု(ဃ)၌ အုပ်စုဒုတိယဖြင့် ရှုံးထွက်အဆင့်သို့တက်ရောက်လာခဲ့ခြင်းဖြစ်သည်။ ရှုံးထွက်အဆင့်၌ အမေရိကန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းလာခဲ့သည်။

ဂိုးသွင်းမှု

ဂါနာတို့ အုပ်စုသုံးပွဲ၊ ရှုံးထွက်တစ်ပွဲ ကစားခဲ့ရာတွင် သွင်းဂိုးလေးဂိုး၊ ပေးဂိုး သုံးဂိုးရှိခဲ့သည်။ ဂါနာတွင် အဆာမိုဂျန်က သုံးဂိုးသွင်းယူပေးထားသည်။ဂါနာတိုက်စစ်တွင် အဆာမိုဂျန်တစ်ဦးတည်း အားကိုးရဖွယ်ရှိနေသည်။ သို့သော် တိုက်စစ်မှူး ဘိုရာတန်ကလည်း ဂိုးသွင်းနိုင်စွမ်းရှိရာ ဂါနာတိုက်စစ်အခင်းအကျင်း မည်သို့ထွက်လာမည်ကို ကြည့်ရမည်ဖြစ်သည်။

ဂါနာတို့က ခံစစ်အထိုင်ဖြင့် တန်ပြန်တိုက်စစ်ကို ပါဝါသုံးကစားနိုင်သူများ ဖြစ်သော်လည်း အဆုံးသတ်ဂိုးသွင်းမှု၌ အားနည်းကြသည်။ တစ်ဖက်ဂိုးဧရိယာအတွင်း ပါးနပ်မှုအပိုင်း၌ ဥရုဂွေးတိုက်စစ်မှူးများက အားသာချက် ပိုရှိနေသည်။

ဂါနာကွင်းလယ်ကစားသမား ဘိုရာတန်မှာ အမေရိကန်နှင့် ရှုံးထွက်ပွဲစဉ်ကစားခဲ့ရာ၌ တံကောက်ကြောဒဏ်ရာရရှိခဲ့ရာ ကြွံခိုင်မှုအပြည့် ပါဝင်ကစားရန် မသေချာချေ။ ဂါနာကွင်းလယ် ကစားသမားများဖြစ်သည့် အင်ဒရီအာယောနှင့် ဂျိုနသန်မင်ဆက်တို့မှာလည်း ပွဲပယ်ခံထားရသဖြင့် ကွင်းလယ်ကစားအား လျော့ကျနေမည်ဖြစ်သည်။ သို့သော် ဒဏ်ရာရရှိထားသော ဗိုရာဆက် ဒဏ်ရာသက်သာလာပြီဖြစ်ရာ လေ့ကျင့်မှုများ ပြုလုပ်နေသဖြင့် ကွာတားဖိုင်နယ်ပွဲ၌ ပါဝင်ကစားမည်ဖြစ်သည်။

ကစားအားညီမျှပြီး ခြေစွမ်းကွာခြားမှုအပိုင်းလည်း မတိမ်းမယိမ်းရှိနေသည့် ဥရုဂွေးနှင့်ဂါနာတို့ အချိန်ပိုအထိ ခရီးဆက်ရနိုင်သည်။ ယခုပွဲ၌ ချိန်ခွင်လျှာညီမျှသော်လည်း အဆုံးသတ်ပိုသေသပ်သည့် ဥရုဂွေးတို့အခွင့်အရေးပိုသာနိုင်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ဗီလာဂိုးဖြင့် စပိန်တို့ကွာတားတက်

ပေါ်တူဂီတို့ လက်ပြအိမ်ပြန်ခဲ့ရပြီ



မောင်ချစ်ကြည် - ရေးသားသည်

ကိတ်ဗ်တောင်း ဇွန် ၃၀

ကမ္ဘာ့ဖလားရှုံးထွက်အဆင့်ပွဲစဉ်များ၏ နောက်ဆုံးပြိုင်ပွဲအဖြစ် စပိန်နှင့်ပေါ်တူဂီတို့ ဇွန် ၃၀ ရက်က အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ စပိန်တို့တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရပြီး ကွာတားဖိုင်နယ်တက်ရောက်ခဲ့သဖြင့် ပေါ်တူဂီတို့ကမ္ဘာ့ဖလားခရီးတစ်ဝက်မှာပင် အိမ်ပြန်ခဲ့ရပြီဖြစ်သည်။

အခင်းအကျင်း

တောရက်စ်၊ ဗီလာ၊ ဘက်ကွက်ဇ်၊ အလွန်ဆို၊ ဆာဗီ၊ အင်နီယေစတာတို့ကို အဓိကထားကစားပြီး စပိန်တို့ ပွဲထွက်လာသလို ပေါ်တူဂီကလည်း အယ်မီးဒါ၊ စီမာအို၊ စီရိုနယ်ဒို၊ တီရာဂိုနှင့် ကာဗယ်ဟိုတို့၏အားဖြင့် စပိန်ကိုရင်ဆိုင်ခဲ့သည်။ စပိန်က ယခုပွဲ၌ အသင်းခေါင်းဆောင်အဖြစ် ဂိုးသမားကာစီးလက်စ်ကို တာဝန်ယူစေခဲ့ပြီး ပေါ်တူဂီက စီရိုနယ်ဒိုပင် အသင်းခေါင်းဆောင်တာဝန်ယူစေခဲ့သည်။

ထိုးဖောက်

စပိန်တို့ပွဲစတင်သည်နှင့် ပေါ်တူဂီဘက်သို့ တစ်ရှိန်ထိုး ထိုးဖောက်ကစားခဲ့ရာ ပေါ်တူဂီတို့ စပိန်အသင်းတိုက်စစ်ကို ဟန့်တားနေခဲ့ရသည်။ ပွဲအစပိုင်းအချိန်၌ပင် တောရက်စ်၏ကန်သွင်းချက်နှင့် ဗီလာ၏ကန်သွင်းချက်များကို ပေါ်တူဂီဂိုးသမား အက်ဂွါဒိုကာကွယ်ခဲ့၍ ပေါ်တူဂီတို့သက်သာရာရခဲ့ခြင်းဖြစ်သည်။



စပိန်နှင့် ပေါ်တူဂီတို့ပွဲတွင် တိုက်စစ်မှူး ဗီလာ(ဝဲ) ဤသို့ ဂိုးသွင်းယူခဲ့သည်။

ကာကွယ်

ထို့အတူ ပွဲချိန် ၂၇မိနစ်၌ စီရိုနယ်ဒို၏ ကန်သွင်းချက်ကို စပိန်ဂိုးသမား ကာဆီးလက်စ် ကာကွယ်နိုင်ခဲ့၍သာ စပိန်တို့ဂိုးမပေးခဲ့ရခြင်းဖြစ်သည်။ ပထမပိုင်းပွဲချိန်အတွင်း စပိန်တို့က ကစားကွက်အသာစီးဖြင့် ထိန်းပြီးကစားခဲ့ရာ ပေါ်တူဂီတို့ စပိန်နောက်တန်းကို ဖြတ်ကျော်ဂိုးသွင်းရန် အခွင့်အရေးနည်းပါးခဲ့သည်။ ပထမပိုင်းပွဲချိန်အတွင်း နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ချေ။

ဂိုးသွင်း

ဒုတိယပိုင်းပွဲချိန်အတွင်းစပိန်တို့ဂိုးရရှိရေးကြိုးစားခဲ့သော်လည်း အရာမထင်ဘဲဖြစ်နေရာ စပိန်တို့ ပွဲချိန် ၅၈မိနစ်၌ တောရက်စ်အစား လိုရင်တီကို ထည့်သွင်းကစားခဲ့သည်။ ပွဲချိန် ၆၂ မိနစ်၌ စပိန်ကွင်းလယ်ကစားသမား ဇာဗီ ဖနောင့်နှင့် ထုတ်ပေးလိုက်သည့် ဘောလုံးကို တိုက်စစ်မှူးဗီလာက ဘယ်ခြေဖြင့်ကန်သွင်းရာ ပေါ်တူဂီဂိုးသမားအက်ဂွါဒို ကာကွယ်လိုက်သဖြင့် ပြန်ထွက်လာသည့်ဘောလုံးကို ဗီလာကပင် ညာခြေဖြင့် ကန်သွင်းယူလိုက်သဖြင့် စပိန်တို့ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ထိန်းကစား

စပိန်တို့ဂိုးသွင်းယူပြီးနောက် ဘောလုံးကိုကိုင်ပြီးကစားခဲ့သည်။ ဘောလုံးပိုင်ဆိုင်မှုများများဖြင့်ကစားသော စပိန်တို့ကို ပေါ်တူဂီတို့ အပိုင်ထိုးဖောက်တိုက်စစ်ဆင်ရန် အခွင့်အရေးနည်းခဲ့သည်။ ပေါ်တူဂီတို့က ခံစစ်အထိုင်ဖြင့် တန်ပြန်တိုက်စစ်ဆင်ကစားသော်လည်း ထိရောက်မှုမရှိခဲ့ချေ။

အနီကတ်

စပိန်တို့က ပွဲချိန် ၈၇မိနစ်တွင် တိုက်စစ်မှူးဗီလာအစား ပီဒရိုကို အစားထိုးကစားစေခဲ့သည်။ စပိန်တို့က ကစားအားချပြီး ပေါ်တူဂီဘက်သို့ မှန်မှန်သာ တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၈၉ မိနစ်၌ ကော်စတာခေါင်းတိုက်မှုမှာ စပိန်မှ ကက်ဗီလာနှင့်ထိခိုက်မိသဖြင့် ကော်စတာ အနီကတ်ပြထုတ်ခံခဲ့ရသည်။

ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံးဂိုးမသွင်းနိုင်ခဲ့သဖြင့် စပိန်တို့ တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ကိုးကား - အင်တာနက်

ဆီမီးကိုးထောင့်ကိုးရာအဖွဲ့ လှူဒါန်း

ဆီမီး ၉၉၀၀အဖွဲ့ အင်းစိန်ကကြီးမှူး၍ စဥ့်ကူမြို့ မြို့တွင်းရပ်ကွက်တွင် ဒုတိယဝါဆိုလဆန်း ၈ရက်က စတုဒိသာဆက်ကပ် ကျွေးမွေးရန်အတွက် သမားတော်ကြီး ဦးကျော်စိန် (မိုးကုတ်)-ဒေါ်နန်းခမ်းဆာ မိသားစု (ဖြူစင်မေတ္တာ ဆေးတိုက်) လမ်း ၅၀ ပုဇွန်တောင်မြို့နယ်က အလှူငွေကျပ် ၁၅၀၀၀၀ ကို ဇွန် ၂၅ရက်က ပေးအပ်လှူဒါန်းရာ ဆီမီး ၉၉၀၀အဖွဲ့ နာယက ဦးစိုးဝင်း(သတင်းထောက် စဥ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌ ဦးမြင့်စိုး(တရားရုံးချုပ်ရှေ့နေ)တို့က လက်ခံကြစဉ်။

(၁၂၇)

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် အဖွဲ့ ပဲခူးမြို့ မြို့မဈေး၊ ကုန်စိမ်းဈေး၊ ဘုရားဈေး၊ သနပ်ဖက်ဈေး၊ အလင်းရောင်ဈေးနှင့် ဘုရားကြီးဈေးတို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုများကို ဇွန် ၁၆ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်လူနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

နဘူးအိုင်-ဆီမီးခုံကျေးလက်လမ်း



မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအေးမြင့်၊ အင်ဂျင်နီယာမှူး ဦးအောင်နိုင်ဦးတို့ ဇွန် ၉ရက်က ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်ရန် နဘူးအိုင်-ဆီမီးခုံကျေးလက် ကျောက်ချောလမ်းခင်းရန်အတွက် ကျောက်စုဆောင်းထားမှုကို ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

MMA ၏ မိသားစုလက်စွဲအဘိဓာန် ထုတ်ဝေ



ရန်ကုန် ဇွန် ၃၀

အခြေခံဝေါဟာရစကားလုံး ၈၅၀ ကို မဏ္ဍိုင်ပြုလျက် အင်္ဂလိပ်စာအရေးနှင့် အပြော အတုယူနိုင်ရန်နှင့် အလယ်တန်းအဆင့်မှအထက် မိသားစုဝင်တိုင်း အင်္ဂလိပ်စာအဆင့်တိုးမြှင့်ရန်အပြင် အင်္ဂလိပ်မှမြန်မာသို့ ဘာသာပြန်အလုပ်ကို စိတ်ဝင်စားသူများ နမူနာယူလေ့လာနိုင်စေရန် ရည်ရွယ်ချက်များဖြင့် စုစည်းပြုစုထားသည့် မောင်မောင်အေး (The New Light of Myanmar) ၏ **မိသားစုလက်စွဲအဘိဓာန်** ထုတ်ဝေလိုက်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ယင်းအဘိဓာန်ကို ဦးသန်းဆွေ ယုနတီစာပေ ဖုန်း ၀၉-၅၁-၃၀၉၇၇က ဖြန့်ချိပြီး လက်လီရောင်းဈေးမှာတစ်အုပ် ငွေကျပ် ၆၀၀၀ ဖြစ်သည်။ **(သတင်းစဉ်)**

ကျောက်မဲ၌ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများဖွင့်

ကျောက်မဲ ဇွန် ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမတွင် ဇွန် ၂၁ရက် နံနက် ၈နာရီခွဲက ကျောက်မဲမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပသည်။ အခမ်းအနားတွင် ခရိုင်ကော်မရှင်ဥက္ကဋ္ဌ ဦးထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးထွန်းက အမှာစကားပြောကြားသည်။

ရှင်းလင်းပို့ချ

ဆက်လက်၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆွေက ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ လုပ်ငန်းလမ်းညွှန်နှင့်ပတ်သက်၍ ရှင်းလင်းပို့ချပေးခဲ့ပြီး မြို့နယ်ဥပဒေအရာရှိ ဦးထိန်လင်းကျော်က နည်းဥပဒေများဆိုင်ရာ ရှင်းလင်းပို့ချပေးသည်။ သင်တန်းသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်/ကျေးရွာ အသီးသီးမှ ကော်မရှင်အဖွဲ့ခွဲဝင်များ ၈၅၁ ဦး တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လှိုင်သာယာမြို့နယ်ရှိ ကျန်းမာရေးစေတနာ့ဝန်ထမ်းများအား ဆေးယဉ်ပါးသော တီဘီရောဂါကာကွယ်ကုသရေး အသိပညာပေးသင်တန်းပို့ချခြင်းကို ရွှေစင်ငွေစင်ခန်းမ၌ ဇွန် ၂၉ရက်က ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်ဆန်းထက် အမှာစကားပြောကြားစဉ်။ (၁၇၃)

ကမ္ဘာ့ဖလားနောက်ဆုံးရသတင်းများ

➤ အာကာဟိန်း - စုစည်းသည် ➤

ရှနိုက်ဒါ ခြေချင်းဝတ်ဒဏ်ရာ ရရှိ

နယ်သာလန်ကွင်းလယ်ကစားသမား ရှနိုက်ဒါသည် ဇွန် ၃၀ရက်က လေ့ကျင့်ကွင်း၌ ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ကြောင်း၊ သို့သော် ဇူလိုင် ၂ ရက်၌ ကစားမည့် ဘရာဇီးနှင့်ပွဲတွင် ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း နယ်သာလန်အသင်း တာဝန်ရှိသူများက ပြောကြားသည်။

ဂါနာခံစစ်မှူး ဝဲဘက်ခြေထောက်ဒဏ်ရာရရှိ

ဂါနာနောက်ခံလူ ဟမ်းစ်ဆာပိုင်သည် ဇွန် ၃၀ ရက်၌ လေ့ကျင့်ကွင်းတွင် ဝဲဘက်ခြေထောက်ဒဏ်ရာရရှိခဲ့ကြောင်း၊ လေ့ကျင့်ခန်းမဆင်းနိုင်ဘဲဖြစ်ခဲ့ရကြောင်း၊ ဇူလိုင် ၃ ရက်၌ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဥရုဂွေးနှင့်ပွဲတွင် ကစားနိုင်မည်ဟု မျှော်လင့်ရကြောင်း ဂါနာအသင်းတာဝန်ရှိသူများက ပြောကြားသည်။

ဂါနာကိုအလေးထားရမည်ဟု ဥရုဂွေးနည်းပြပြောကြား

ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဂါနာအသင်းနှင့် ယှဉ်ပြိုင်ရမည့် ကွာတားဖိုင်နယ်ပွဲစဉ်၌ မိမိတို့အလေးထားယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ လူအခင်းအကျင်းပြောင်းလဲမည်ဟု ဥရုဂွေးနည်းပြတာဘာရက်ဇ်က ဇွန် ၃၀ရက်၌ သတင်းထောက်များအား ပြောကြားသည်။

ဒိုင်လူကြီးများဆုံးဖြတ်မှု ဒွန်ဂါ စိုးရိမ်နေ

ဇူလိုင် ၂ရက်တွင် ယှဉ်ပြိုင်ရမည့် နယ်သာလန်နှင့် ဘရာဇီးတို့၏ ကွာတားဖိုင်နယ်ပွဲစဉ်၌ ဒိုင်လူကြီးများ၏အဆုံးအဖြတ်ကို မိမိစိုးရိမ်ကြောင်း၊ ပြီးခဲ့သည့်ပွဲများ၌ ဒိုင်လူကြီးများ၏ဆုံးဖြတ်မှုများ မှားယွင်းခဲ့သည်ကို တွေ့မြင်ခဲ့ရကြောင်း ဘရာဇီးနည်းပြဒွန်ဂါက ဇွန် ၃၀ ရက်၌ သတင်းထောက်များအားပြောကြားသည်။

ဘွမ်မဲးလ် ကြွက်သားနာကျင်မှု ဒဏ်ရာရရှိ

နယ်သာလန်ကွင်းလယ်ကစားသမား ဘွမ်မဲးလ်သည် ဇွန် ၃၀ ရက်က လေ့ကျင့်ကွင်း၌ ပေါင်ကြောကြွက်သားဒဏ်ရာနာကျင်မှုဖြစ်ခဲ့ကြောင်း၊ လေ့ကျင့်မှုရပ်နားပြီး ဆေးကုသခံနေရကြောင်း၊ သို့သော် ဇူလိုင် ၂ရက်၌ ဘရာဇီးနှင့်ကစားမည့် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း နယ်သာလန်အသင်းတာဝန်ရှိသူများက ပြောကြားသည်။

တိုက်စစ်မှူးဖော်လန် အနိုင်ရရှိရေး ကြိုးစားမည်

ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဥရုဂွေးနှင့် ဂါနာတို့ပွဲ၌ မိမိတို့ဂိုးသွင်းနိုင်ရေးထက် ကစားဖော်များဂိုးသွင်းယူနိုင်ရေးကိုလည်း ဦးစားပေးသွားမည်ဖြစ်ကြောင်း၊ အဓိကမှာ ဥရုဂွေးအသင်း နိုင်ပွဲရရှိရေးပင်ဖြစ်ကြောင်း ဥရုဂွေးတိုက်စစ်မှူး ဒီဂိုဖော်လန်က ဇွန် ၃၀ ရက်၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

ဖလားရယူရေးသည် အိပ်မက်မဟုတ်ဟု ဗီလာ ပြောကြား

မိမိတို့စပိန်အသင်းသည် ယခုနှစ်ကမ္ဘာ့ဖလားရယူရေးမှာ အိပ်မက်မဟုတ်တော့ကြောင်း၊ လက်တွေ့အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်ကြောင်း စပိန်တိုက်စစ်မှူး ဗီလာက ဇွန် ၃၀ ရက်၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောကြားသည်။

ပေါ်တူဂီအသင်း အားနည်းချက်များရှိဟု စီရိုနယ်ဒိုဝန်ခံ

စပိန်အသင်းကိုရှုံးခဲ့သည့် ပေါ်တူဂီအသင်းမှာ အားနည်းချက်များရှိခဲ့ကြောင်း၊ စပိန် အသင်းသည် တောင့်တင်းသောအသင်းဖြစ်ကြောင်း ပေါ်တူဂီအသင်းခေါင်းဆောင် စီရိုနယ်ဒိုက ဇွန် ၃၀ ရက်၌ ပြောကြားသည်။

ဒိုင်လူကြီးအချို့ အမှားများရှိခဲ့ကြောင်း ဖီဖာပြောကြား

၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကွင်းလယ်ဒိုင်လူကြီးအချို့ ဆုံးဖြတ်ချက်များ မှားယွင်းမှု ရှိခဲ့ကြောင်း၊ သို့သော်လုပ်မှားကိုင်မှားမျိုးဖြစ်ပြီး စည်းကမ်းသတ်မှတ်ချက်အချို့ကို ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း ဖီဖာတာဝန်ရှိသူတစ်ဦးက ဇွန် ၃၀ ရက်၌ပြောကြားသည်။

ကောစတာအနီကတ်ပြမှုမှားယွင်းဟု ကွီရော့ဇ် ဝေဖန်

ပေါ်တူဂီနောက်ခံကစားသမားကော်စတာအား စပိန်နှင့်ပွဲ၌ အနီကတ်ပြထုတ်ပယ်ခြင်းမှာ မှားယွင်းကြောင်း၊ မတော်တဆထိခိုက်မှုမျိုးသာဖြစ်ကြောင်း ပေါ်တူဂီနည်းပြကွီရော့ဇ်က ဇွန် ၃၀ ရက်၌ ပြောကြားသည်။ (အင်တာနက်)

မြန်မာ့အလင်း ကမ္ဘာ့အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင် - စုစည်းတင်ပြသည်

ဥရောပပြေးခုန်ပစ်၌ ယှဉ်ပြိုင်ရန် ဒိုဘာရီစကီ ယုံကြည်

မီတာ ၁၅၀၀အပြေးပြိုင်ပွဲတွင် ငွေတံဆိပ်ဆွတ်ခူးခဲ့သည့် အသက် ၂၇ နှစ်ရှိ ပြေးခုန်ပစ်မယ် လီဆာဒိုဘာရီစကီသည် ဇူလိုင်လအတွင်း စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ကျင်းပမည့် ဥရောပချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ကြံ့ခိုင်မှုအပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်ရန် ယုံကြည်မှုရရှိနေပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဗြိတိသျှ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ကျောကုန်းဒဏ်ရာကြောင့် တတိယသာရရှိခဲ့ကြောင်း သိရသည်။

ဥရောပပြေးခုန်ပစ်ပွဲ၌ ယှဉ်ပြိုင်ရန် မယ်လ်ကွန် ရည်ရွယ်

ဝေလတာတိုအပြေးသမား ခရစ္စတီယန်မယ်လ်ကွန်သည် ဗြိတိန်နိုင်ငံ ဘာမင်ဂမ်မြို့၌ ကျင်းပပြီးစီးခဲ့သော ဗြိတိသျှပြေးခုန်ပစ် မီတာ ၂၀၀ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးပြီးနောက် လာမည့်ဥရောပချန်ပီယံရှစ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဗြိတိသျှပြေးခုန်ပစ်အသင်းနှင့်အတူ ပါဝင်ယှဉ်ပြိုင်ရန် ရည်ရွယ်ထားသည်ဟုဆိုသည်။

အယ်လ်ပီဂျီအေ ဂေါက်သီးဆုဖလား ခရစ္စတီးကား၏ ဆွတ်ခူး

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ လိုကပ်ပေးလ်ကမ်းထရီး ဂေါက်ကလပ်၌ ကျင်းပသော အယ်လ်ပီဂျီအေ ချန်ပီယံရှစ်ဂေါက်ရိုက်ပြိုင်ပွဲ အမျိုးသမီးပွဲစဉ် ဖိုင်နယ်ပွဲတွင် အသက် ၃၂နှစ်အရွယ်ရှိ အမေရိကန်ဂေါက်သီးမယ် ခရစ္စတီးကား၏သည် သတ်မှတ်ရိုက်ချက်အောက် ၁၉ ချက်လျှော့ရိုက်ကာ ဒုတိယနေရာမှ တောင်ကိုရီးယားဂေါက်သီးမယ် ကင်ဆောင်ဟီးထက်လျှော့ရိုက်ချက် ၁၂ချက်အသာဖြင့် ဆုဖလားဆွတ်ခူးခဲ့ပြီး ကမ္ဘာ့အဆင့်(၁) ဂေါက်သီးမယ်ဖြစ်လာသည်။

ထရားပဲလား ချန်ပီယံရှစ်ဂေါက်သီးဆုဖလား ဝပ်ဆန် ဆွတ်ခူး

အမေရိကန်နိုင်ငံတွင် အမေရိကန်တိုးဂေါက်ရိုက်ပြိုင်ပွဲအဖြစ် ကျင်းပသော ထရားဗဲလားချန်ပီယံရှစ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖိုင်နယ်ပွဲတွင် တစ်ညတာ ဦးဆောင်နေခဲ့သော အင်္ဂလန်ဂေါက်သီးသမား ဂျူစတင်ရို့စ်အား ကျော်ဖြတ်ကာ အမေရိကန်ဂေါက်သီးသမား ဘတ်ဘာဝပ်ဆန်က လျှော့ရိုက်ချက်သုံးချက်အသာဖြင့် သတ်မှတ်ရိုက်ချက်အောက် စုစုပေါင်း ၁၄ချက်လျှော့ရိုက်ကာ ဆုဖလားဆွတ်ခူးခဲ့သည်။

မာရှေယာနို အန်ဖီးလ်၌ ဆက်ရှိမည်

ကွင်းလယ်ကစားသမား မာရှေယာနိုအတွက် လီဗာပူးအသင်းက တောင်းဆိုသော ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ကိုပေးရန် လီဗာပူးနည်းပြဟောင်း ရာဖေးလ်ဘင်နီတက်ဇ်တာဝန်ယူနည်းပြနေသော အင်တာမီလန်အသင်းက ငြင်းဆိုခဲ့ပြီးနောက် အန်ဖီးလ်မှ မာရှေယာနို မထွက်ခွာတော့ဟု ဆိုသည်။

တိုက်စစ်မှူး ရာအူးလ်အား မန်ယူကခေါ်ယူဖွယ်ရှိ

ရီရဲမက်ဒရစ်အသင်းတွင် ၁၇ နှစ်တာမျှ ကစားခဲ့သူ အသက် ၃၂နှစ်အရွယ်ရှိ တိုက်စစ်မှူး ရာအူးလ်က အသင်းမှထွက်ခွာမည်ဟု ပြောကြားခဲ့ပြီးနောက် ၎င်းအား မန်ယူအသင်းက ခေါ်ယူဖွယ်ရှိကြောင်း သိရသည်။

တိုက်စစ်မှူး ဒိုနိုဗန်အား မိုယက်စ် အမြဲတမ်းစာချုပ်လို

ပြီးခဲ့သည့် ဘောလုံးရာသီအကုန်တွင် အဲဗာတန်အသင်းနှင့် အငှားစာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်သည့် အမေရိကန်တိုက်စစ်မှူး လန်ဒန်ဒိုနိုဗန်အား အဲဗာတန်နည်းပြဒေးဗစ်မိုယက်စ်က အမြဲတမ်းစာချုပ်ခေါ်ယူလိုသည်ဟု ဆိုသည်။

ဝင်ဘယ်ဒန်တင်းနစ်အကြိုဗိုလ်လုပွဲ ဇဗိုနာရီဗာ တက်ရောက်

ကမ္ဘာ့အဆင့်(၂၁)ရှိ ရုရှားတင်းနစ်မယ် ဗီရာဇဗိုနာရီဗာသည် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပြိုင်ဘက် ဘယ်လ်ဂျီယံတင်းနစ်မယ် ကင်မ်ကလစ်စတာအား ၃-၆၊ ၆-၄၊ ၆-၂ဖြင့် အနိုင်ရရှိကာ ဂရင်းဆလမ်အကြိုဗိုလ်လုပွဲသို့ ဒုတိယအကြိမ် တက်ရောက်နိုင်ခဲ့သည်။

ဝင်ဘယ်ဒန် တင်းနစ်အကြိုဗိုလ်လုပွဲ ပီရွန်ကိုဗာ တက်ရောက်ခွင့်ရ

ကမ္ဘာ့အဆင့်မဝင်သေးသည့် ဘူလ်ဂေးရီးယားတင်းနစ်မယ် တီစဗီတာနာပီရွန်ကိုဗာသည် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ကမ္ဘာ့အဆင့်(၂) တင်းနစ်မယ် ဗီးနပ်စ်ဝီလျံအား ၆-၂၊ ၆-၃ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရရှိခဲ့သည်။

အင်တာမီလန်မှ မိုင်ကွန်အား ရီရဲခေါ်ယူနိုင်ဖွယ်ရှိ

ရီရဲမက်ဒရစ်အသင်းနည်းပြသစ် ဂျို့စ်မော်ရင်ဟိုအတွက် ပြီးခဲ့သော ဘောလုံးရာသီက အင်တာမီလန်အသင်းတွင် ကစားပေးခဲ့သော အသက် ၂၈နှစ်အရွယ်ရှိ ဘရာဇီးညာနောက်ခံလူ မိုင်ကွန်အား ရီရဲမက်ဒရစ်အသင်းက မန်စီးတီးအသင်းထက်ဦးအောင် ခေါ်ယူနိုင်ဖွယ်ရှိသည်ဟု ဆိုသည်။

ဂျိုကိုးလ်အား စာချုပ်ခေါ်ယူနိုင်ရန် စပါးကြိုးပမ်း

ပြီးခဲ့သည့်လစောစောပိုင်းက ချယ်လ်ဆီးအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဂျိုကိုးလ်အား အသင်းကထွက်ခွာခွင့်ပြုလိုက်ပြီဟု ပြောကြားခဲ့ပြီးနောက် စပါးအသင်းက ဂျိုကိုးလ်အား အာဆင်နယ်အသင်းထက်ဦးအောင် စာချုပ်ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ။ (အင်တာနက်)

မိုင်းယောင်း၌ ရပ်၊ ကျေးကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်ပွဲအခမ်းအနား ကျင်းပ

မိုင်းယောင်း ဇွန် ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင် မိုင်းယောင်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသန်းအောင်နှင့် အတွင်းရေးမှူး ဦးအားလွန်တို့ဦးဆောင်သော မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များသည် ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဇွန် ၂၁ရက် နံနက် ၈နာရီက ပောင်ကြန့်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌လည်းကောင်း၊ နံနက်၁၀နာရီတွင် မုန်းလိုက်ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ လည်းကောင်း၊ နံနက် ၁၁နာရီခွဲတွင် နားဖန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌လည်းကောင်း၊ မွန်းလွဲ ၁နာရီတွင် ဟိုရမ်းကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌လည်းကောင်း ကျင်းပခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ခမောက်ကြီးမြို့နေ ဗိုလ်မှူးကြီးအောင်ကျော်ဦး-ဒေါ်စိုးစိုးရီတို့၏သားလတ်

မောင်ကေဇာကျော်ဦး B.Sc (Physics)

(Htoo Trading Co., Ltd.)

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ မာလာလမ်း၊ အမှတ်(၈)နေ ဦးတင်ချိုဦး [ဒုတိယအထွေထွေမန်နေဂျာ (ငြိမ်း)၊ ကုန်သွယ်လယ်ယာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန] (အထွေထွေမန်နေဂျာ MITS) (Managing Director, Glorious Family Co.Ltd) - ဒေါ်ခင်ခင်ငွေး [အထက်တန်းပြ (ငြိမ်း) အထက-၂၊ လသာ] တို့၏သမီးလတ်

မသန့်ဝတ်ရည် B.Sc (Zoology)

Cute Collection (At Home with Design)

တို့၏ ၂၇-၆-၂၀၁၀ရက်တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)နှင့် ဇနီးဒေါက်တာဒေါ်တင်လင်းမြင့်အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး(ငြိမ်း) နှင့် ဇနီး ဒေါ်ခင်နှင်းဝေ၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း(ငြိမ်း)နှင့် ဇနီး ဒေါ်မာလာတင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၏ ဇနီး ဒေါ်အေးအေး၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူနှင့်ဇနီး ဒေါ်အေးအေးရီ၊ ဝိဇ္ဇာသိပ္ပံပညာရှင် အမှုဆောင် (EFA Coordinator) ဆရာကြီးဦးတင်ညို၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ မိဘဆရာသမား မိတ်သင်္ဂဟများ၊ တေဇ(၁၀)မှ သူငယ်ချင်းများနှင့် ဇနီးများ၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော မောင်လင်းဘုန်းဖြိုးအောင်၊ မဟန်နီသက်ထား၊ မေတ္တာဖြင့် ပန်းကြဲပေးပါသော အဆိုတော်ဂျင်နီ၊ မင်္ဂလာအောင်စံပယ်ပန်ကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မချိုသဇင်ဝင်း၊ သတို့သားအရံ မောင်ပြည့်ထွန်းအောင်၊ မောင်ဇေရာကျော်ဦး၊ သတို့သမီးအရံ မမေဆယ်နှင့် မဆုလဲ့မွန်ဇော်တို့အားလည်းကောင်း၊ ဓာတ်ပုံဗီဒီယို ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော The Aces တီးဝိုင်းနှင့် မင်္ဂလာအခါတော်တေးသီချင်းသီဆိုပေးပါသော တေးသံရှင်စိမ်းမို့မို့၊ မေတ္တာဖြင့်ပန်းအလှဆင်ခြင်းကို ပြုလုပ်ပေးပါသော မနီလာ(Eternal Flowers)၊မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော ဒဂုံပုံနှိပ်တိုက်၊မင်္ဂလာညှော်ခံပွဲသို့ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော စစ်ဘက်၊ နယ်ဘက်မှ ဆရာသမားများ၊ အရာရှိကြီးများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကေဇာကျော်ဦး-မသန့်ဝတ်ရည်။

နှစ်(၄၀)ပြည့် ပတ္တမြားရတု မင်္ဂလာဆုမွန်

(၁-၇-၁၉၇၀ မှ ၁-၇-၂၀၁၀)

မန္တလေးမြို့ နန်းရှေ့ သီတဂူတိုက်နေ ကျေးဇူးရှင် ချစ်ဖေဖေ **ဦးမော်တင်** **B.A(Law), LL.B (Advocate)** (ဥပဒေအရာရှိ၊ ငြိမ်း) နှင့် ကျေးဇူးရှင် ချစ်မေမေ **ဒေါ်ခင်နွဲ့ရီ**တို့၏ ၁-၇-၂၀၁၀ရက်တွင် ကျရောက်သော နှစ်(၄၀)ပြည့် ပတ္တမြားရတု မင်္ဂလာရက်မြတ်မှသည် နောင် ရွှေရတု၊ စိန်ရတုသို့တိုင်အောင် ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးနိုင်ပါစေ—

သမီးကြီး - **ဦးငွေးအောင် (ဒုတိယညွှန်ကြားရေးမှူး၊ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နေပြည်တော်)- ဒေါ်တင်မီမီလွင် B.A (Myanmar)**

သမီးလတ် - **ဦးကိုကိုလှိုင် [ဥက္ကဋ္ဌ၊မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်]-ဒေါ်တင်ပပဝင်း [ဦးစီးအရာရှိ၊ မြို့နယ် စီမံကိန်းဦးစီးရုံး၊ အတွင်းရေးမှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်]**

သားလေး - **ဗိုလ်ကြီးတင်မောင်မောင်မျိုး၊ မြစ်ကြီးနားမြို့- ဒေါ်သိန်းသီတာ M.A (History)**

သမီးငယ် - **ဒေါက်တာမင်းဇော်ဦး (လက်ထောက်ဆရာဝန်၊ ပြည်သူ့ဆေးရုံ၊ နေပြည်တော်လယ်ဝေး) - ဒေါက်တာတင်ငယ်ငယ်ထွေး (လက်ထောက်ဆရာဝန်၊ ပြည်သူ့ဆေးရုံ၊ နေပြည်တော်လယ်ဝေး)**

ချစ်မြေးများ - **မြသန္တာအောင်၊ ခင်စန္ဒီကို၊ သားသား**

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၇၅၃၉ Toyota Hilux KZN 165 P/U Duble Cub လက်ဝယ်ရှိသူ S.S.A အထူးဒေသ(၃)က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံးမိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း) ရန်ကုန်မြို့။

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ဒ/၅၁၈၁၊ တိုယိုတာ ပါပလေကာ P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးလှအေး ၁၂/တမန(နိုင်)၀၉၄၅၉၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊အရှေ့ပိုင်းခရိုင်ရုံး(ရန်ကုန်မြို့)။



မင်္ဂလာဦးဆွမ်းကျွေး ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ

ဒုတိယဗိုလ်မှူးကြီးသန်းဆွေ(ငြိမ်း)-ဒေါ်ခင်ငွေးဝင်းတို့၏သား

ဗိုလ်ဇေယျာဆွေ

M.B.,B.S (D.S.M.A)

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ

ဦးထွန်းလွင်အောင်-ဒေါ်သီဂီအောင်တို့၏သမီး

မအင်ကြင်းဆု

B.Pharm(Ygn), Pinlon Hospital

တို့၏ ၂၇-၆-၂၀၁၀ရက်တွင် ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ဇေယျာဆွေ-မအင်ကြင်းဆု။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ ရန်ကုန်မြို့နေ (ဦးဝင်းငွေး)-ဒေါ်မိမိအောင်(MBC Co.,Ltd.)တို့၏သားကြီး

မောင်ဇော်ရဲလင်း

B.A(Eng),Diploma(C.A)Yangon,University of Culture
Specialist Diploma in Interior and Landscape Design
(BCA Academy,Singapore)
Interior Designer(Singapore)

နှင့်

ပဲခူးတိုင်း၊ သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့နေ ဦးအေးကျော်-ဒေါ်စန်းစန်းနွယ်တို့၏သမီး

မအေးမိစံ

B.A(Eco;),Diploma in Accounting(LCCI,UK)
ACCA(Part II)(Kaplan,Singapore)
Accountant (Singapore)

တို့သည် နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်ဖြင့် စင်ကာပူနိုင်ငံ (Admiralty Drive)၌ ၂၀-၆-၂၀၁၀ရက်တွင် လက်ထပ်မင်္ဂလာညှော်ခံပွဲ ကျင်းပပြီးစီးပါကြောင်း။

မောင်ဇော်ရဲလင်း-မအေးမိစံ။

အမည်ပြောင်း

အဖ ဦးဟောင်းဒေါင်၏ သမီး ကွတ်ခိုင်မြို့ အထက နဝမတန်း(ဆ)မှ မစဲဂရော်အား ၁၃/ကခန(နိုင်)၀၈၁၈၃၃ အရ မဒေါင်စေးဟု ပြောင်းလဲခေါ်ပါရန်။ **မဒေါင်စေး ၁၃/ကခန(နိုင်)၀၈၁၈၃၃။**

ဘူးသီးတောင်မြို့နယ်စည်ပင်သာရေးအဖွဲ့မှ ဝါးခုတ်ချောင်း-တောင်ဘဇာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကွန်တိုင်တံတား တည်ဆောက်နေမှုအခြေအနေကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းနေလင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်တို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောဝေ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ထိပ်တန်း

(ခန်းဆီး၊ လိုပ်ကာဆိုင်)

မင်္ဂလာဈေးကို

အမှတ် ၉၇-ပထမထပ်၊ တော်ဝင်ပလာဇာသို့ ပြောင်းရွှေ့ ဖွင့်လှစ်ထားပါသည်။

ဖုန်း-၀၉-၅၁-၇၇၉၇၉။

ဥတုရာသီ တောကိုမှီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်ဇော်ဖြိုးလှိုင် ၁၂/လသယ(နိုင်)၀၆၃၄၂၄သည် မိဘတို့၏ ဆိုဆုံးမသည်ကို နားမထောင်ဘဲ မိမိသဘောအတိုင်းပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ငွေနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဖခင်-ဦးစံထွန်းလှိုင်

M.H.G-**၁၁၁၉၀၆**

မိခင်-ဒေါ်လှရွှေ

၁၂/လသယ(နိုင်)၀၆၃၃၅၀။

လူကုန်ကူးမှုအန္တရာယ် အသိပညာပေးဟောပြော

နမ့်ခမ်း ဇွန် ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် မူဆယ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော လူကုန်ကူးမှုအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇွန် ၂၅ရက် နံနက်၁၀နာရီက ကျားဖြူခန်းမ၌ ကျင်းပရာ မူဆယ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းမြင့်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း ရှင်းလင်းပြောကြားပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ တာဝန်ခံ ဒုတိယရဲမှူးမိနီဦးက လူကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်းနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး တရားရုံးချုပ်ရှေ့နေ ဒေါ်ဖြူဖြူထွန်းက လူကုန်ကူးမှုနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်သည့် ဥပဒေများအကြောင်းတို့ကို ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

ဖလမ်း တလန်ဇာရ်ကျေးရွာ၌ ထင်းရှူးပျိုးပင်စိုက်ပျိုး

ဖလမ်း ဇွန် ၃၀

ဖလမ်းခရိုင်၊မြို့နယ်၊ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ဦးဆောင်လျက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံကျေးရွာပြည်သူအင်အား ၁၀၀တို့သည် ဇွန် ၂၆ရက် နံနက် ၉နာရီခွဲက ဖလမ်းမြို့နယ် တလန်ဇာရ်ကျေးရွာ သဘာဝတောထိန်းသိမ်းရေးနယ်မြေ၌ထင်းရှူးပင်ပေါင်း ၂၀၀၀ စိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကိုသိမြင်

တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

နေပြည်တော် ဇွန် ၃၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာအမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် ၄င်းတို့၏ မှားယွင်းသော လုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၁၀ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မေလများအတွင်း တိုင်းဒေသတိုင်း စစ်ဌာနချုပ်နယ်မြေတွင် အက်စ်အက်စ်အေ(ရွက်ဆစ်) တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိ ကျညီး၊ ဗိုလ်အဆင့်ရှိ လောဝူးနှင့် ဒုအရာခံဗိုလ်အဆင့်ရှိ ကျအူတို့သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ ပွိုင့်-၃၈ ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည် ၈၁တောင့်၊ မိုင်းနှစ်လုံး၊ ဖြူ့စ်နှစ်ချောင်းတို့ဖြင့်လည်းကောင်း၊ တပ်သား ယားပါ(ခ)ကျမူးသည် လည်းကောင်း။

အရှေ့ပိုင်းတိုင်း

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ပီတောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်စုမှူးအဆင့်ရှိ ဒိုးဒိုသည် ပွိုင့်-၃၂ ရိုင်ဖယ် တစ်လက်၊ ၄င်းကျည်ငါးတောင့်၊ *စာမျက်နှာ ၉ ကော်လံ ၆* ❒

မြန်မာ့အလင်း သတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေကို စာမျက်နှာ (၄)တွင် ဖော်ပြထားပါသည်။

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကမ္ဘာပေါ်၌ ဈေးအကြီးဆုံးငါး

ကိုသစ္စာ ➤ ရေးသားသည်

စင်ကာပူ ဇွန် ၃၀

စင်ကာပူနိုင်ငံ အေရိုဒိုင်နက် စတီလုပ်ငန်းက မွေးမြူထားသော အေရိုဝါနာ ငါးမျိုးတစ်ကောင်သည် ကမ္ဘာပေါ်တွင် ဈေးအကြီးဆုံး ငါးတစ်ကောင်ဖြစ်ကြောင်း ဖော်ပြခံရသည်။

အမျိုးအစား

ယင်းငါးကို မှန်ဖြင့်ပြုလုပ်ထားသော ငါးမွေးကန်အတွင်း မွေးမြူထားခြင်းဖြစ်ပြီး အရှည် ၁၅လက်မ ရှိသည်။ ငါး၏မျက်စိများမှာ အပြင်ဘက်ထွက်နေပြီး *စာမျက်နှာ ၃ ကော်လံ ၁* ✳

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

လူကုန်ကူးခံရသူများဟာ လူသားများဖြစ်ကြတဲ့အတွက် လူကုန်ကူးခံရတဲ့ ဖြစ်ရပ်ကြောင့် လူမှုအသိုင်းအဝိုင်းပြင်ပကို ရောက်မသွားစေဘဲ သာမန်လူသား တစ်ယောက်အဖြစ် လူမှုအသိုင်းအဝိုင်းအတွင်းမှာ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းပေးနိုင်ရေးကို ဦးတည်ပြီး လူကုန်ကူးခံရမှုကြောင့် ရရှိလာတဲ့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေကို ပြန်လည်ကုစားတဲ့ လုပ်ငန်းစဉ်မှာလည်း "မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်"က တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြ။

မျိုးလေး၏ ဆောင်းပါး စာ-၁၀

1-7 (20).pmd 1 7/1/2010, 1:51 AM